မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၆၁)

အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းစာတမ်းများပြုစုရန်

အစုအဖွဲ့အလိုက် ဆွေးနွေး

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများ ဆက်လက်ကျင်းပ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ စာတမ်းများပြုစုရန်ဆွေးနွေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ စာတမ်းများပြုစုရန် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၉

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်းပြီး စာတမ်းများပြုစုရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးပွဲများကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမနှင့် သတ်မှတ်နေရာအသီးသီး တို့၌ တစ်ပြိုင်တည်း ကျင်းပကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်ရင်ရင်သန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ၉၆ ဒသမ ၅၅ ရာခိုင်နှုန်းရှိသဖြင့် ညှိနှိုင်းဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

သဘာပတိ အဖွင့်အမှာစကားပြောကြား

ထို့နောက် အလှည့်ကျသဘာပတိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက အဖွင့်အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၁၀ ရက်)

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် သဘာဝသယံဇာတများကို အစွမ်းကုန်ရှာဖွေဖော်ထုတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေမြေသဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်အတွင်း ဖြစ်တည်နေသည့် မြေပေါ်မြေအောက် သယံဇာတများစွာကို အကျိုးရှိရှိထုတ်ယူသုံးစွဲပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အဖိုးတန်ကျောက်မျက်ရတနာများထွက်ရှိရာ ပင်ရင်းဒေသဖြစ်သည်နှင့်အညီ နိုင်ငံတကာအသိအမှတ်ပြု ကျောက်မျက်ရတနာဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာ ဖြစ်ထွန်းရေးကို အထူးအလေးထား ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပိုမိုတိုးတက် ထုတ်လုပ်ရောင်းချနိုင်ရန် အစီအမံများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် တိုင်းရင်းသားလုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်များ ချထားပေးပြီး ပူးပေါင်းလက်တွဲလုပ်ကိုင်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာထွက်ရှိမှု တိုးတက်ကောင်းမွန်ခဲ့သည်။

ထွက်ရှိလာသော မြန်မာ့ကျောက်မျက်ရတနာများကို နှစ်စဉ် မတ်လနှင့် အောက်တိုဘာလများ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား နှစ်ကြိမ်ရောင်းချခဲ့ရာမှ ဇွန်လနှင့် ဇူလိုင်လများတွင်လည်း ထပ်မံရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ပတ်လုံး ကြားဖြတ်ရောင်းချမှုများ အဆက်မပြတ် ပြုလုပ်လျက် ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲများသို့ ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များ လာရောက်ခဲ့ကြသည်။ အများအားဖြင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးလာရောက်ဝယ်ယူကြပြီး ဂျပန်၊ တောင်ကိုရီးယား၊ ရုရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ကနေဒါနိုင်ငံများမှ ရတနာကုန်သည်များကလည်း လာရောက်ဝယ်ယူအားပေးခဲ့ရာ ကျောက်မျက်ရတနာရောင်းချမှုမှ နိုင်ငံခြားငွေအများအပြား ရရှိခဲ့သည်။

သတ္တုနှင့် ကျောက်မျက်ရတနာများ တူးဖော်၊ ထုတ်လုပ်၊ ရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ စနစ်တကျဖြစ်ထွန်းစေလျက် နိုင်ငံတော်၏ စီးပွားရေးတိုးတက် မြင့်မားစေရေး အထောက်အကူဖြစ်စေရန် ကျောက်မျက်ရတနာကော်မတီအဆင့်ဆင့်ကို နိုင်ငံတော်က ဖွဲ့စည်းပေးပြီး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ကျောက်မျက်ရတနာနှင့် သတ္တုတူးဖော်ထုတ်လုပ်ရာတွင်လည်း နိုင်ငံတော်၏ သဘာဝသစ်တော သယံဇာတ မပျက်ယွင်းစေရေးနှင့် မြစ်၊ ချောင်းများ တိမ်ကောပျက်စီးယိုယွင်းမှုများမဖြစ်စေဘဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကိုလည်း အလေးဂရုပြုဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ တည်ဆောက်ရေးကဏ္ဍစသည့် ကဏ္ဍများအတွက် အထောက်အကူဖြစ်စေသည့် အဖိုးတန်သတ္တုများ၊ ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ နီလာ၊ ပတ္တမြားစသည့် အဖိုးတန် ကျောက်မျက်ရတနာများကို ခေတ်မီနည်းစနစ်များဖြင့် ရှာဖွေဖော်ထုတ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေပိုမိုတိုးတက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက သတ္တုကဏ္ဍ ဘက်စုံတိုးတက်ထုတ်လုပ်နိုင်ရန် အထူးတွန်းအားပေးဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတွင် သံနှင့်သံမဏိထုတ်လုပ်မှုလည်း သိသာစွာ တိုးတက်မြင့်မားခဲ့သည်။ ၁၉၈၈ခုနှစ်တွင် သံနှင့် သံမဏိထုတ်လုပ်မှုသည် မက်ထရစ်တန် ၇၈၄၀သာရှိခဲ့ရာမှ ၂၀၀၄ခုနှစ်တွင် မက်ထရစ်တန် ၉၈၉၂ တန်အထိ တိုးတက်မြင့်မားလာအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ယင်းသို့ သံနှင့်သံမဏိတိုးတက်ထွက်ရှိမှုကြောင့် နိုင်ငံအတွင်းတည်ဆောက်ရေးလုပ်ငန်းများ၏ လိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ဆောက်ရေးနှင့် စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် သတ္တုနှင့် ကျောက်မျက်ရတနာ သဘာဝသယံဇာတများကို နိုင်ငံသားများ၏ ကာယ၊ ဉာဏစွမ်းအားဖြင့် အစွမ်းကုန် ကြိုးပမ်း ရှာဖွေဖော်ထုတ်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

သိပ္ပံပညာတွင် နှစ်နိုင်ငံပူးတွဲစူးစမ်းလေ့လာရေး ဗီယက်နမ်နှင့် ဖိလစ်ပိုင်သိပ္ပံပညာရှင်များ ဆောင်ရွက်ကြမည်

မနီလာ မတ် ၈

အိမ်နီးချင်းနှစ်နိုင်ငံ ပိုမိုကောင်းမွန်စွာပူးပေါင်းဆောင်ရွက်မှုကို ရည်ရွယ်သည့် သိပ္ပံပညာပူးတွဲစူးစမ်းလေ့လာရေး လုပ်ငန်းကို ဖိလစ်ပိုင်နှင့်ဗီယက်နမ်နိုင်ငံတို့သည် ရှေ့လထဲတွင် အငြင်းပွားခဲ့သော ရေပိုင်နက်အတွင်း၌ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အရာရှိများက တနင်္လာနေ့၌ ပြောကြားသည်။

ဧပြီလ၆ရက်မှ ၉ရက်အထိ စူးစမ်းလေ့လာမည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ ဗီယက်နမ်နိုင်ငံ ငါထရန်အထိ တောင်တရုတ်ပင်လယ်တွင်းရှိ နေရာ ၂၃နေရာတွင် စူးစမ်းလေ့လာမည်ဖြစ်ကြောင်း ဖိလစ်ပိုင်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘတ်တိုအင်ကွမ်မိန်ဒါက ပြောကြားသည်။

လေ့လာမည်

ဖိလစ်ပိုင် စူးစမ်းလေ့လာရေးသင်္ဘောပေါ်ရှိဖိလစ်ပိုင်နှင့် ဗီယက်နမ်သိပ္ပံပညာရှင်များသည် ဘူမိဗေဒ၊ အဏ္ဏဝါဗေဒနှင့်ပင်လယ်ပြင်ဘဝတို့ကို လေ့လာကြမည် ဖြစ်သည်။ စူးစမ်းလေ့လာမှု၏ ပဏာမရလဒ်များကိုလေ့လာရေး လုပ်ငန်းပြီးသည့်အခါ ငါထရန်တွင်ထုတ်ပြန်ကြေညာ မည်ဟု အင်ကွမ်မိန်ဒါက ပြောကြားသည်။ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၂၀၀၃ ခုနှစ်တွင် ပင်လယ်ပြင် ပူးတွဲသုတေသနပြုရန် သဘောတူခဲ့ကြပြီး ယင်းဆောင်ရွက်ချက်သည် နှစ်နိုင်ငံယုံကြည်ကိုးစားမှုကို တိုးမြင့်စေမည်ဟု အင်ကွမ်မိန်ဒါက ပြောကြားသည်။

(အင်တာနက်)

အိပ်ချ်အိုင်ဗွီကူးစက်မှုအား ထိရောက်စွာမနှိမ်နင်းလျှင် ၂၀၂၅ခုနှစ်တွင် အာဖရိကတိုက်၌ လူ၈၉သန်း ကူးစက်နိုင်

ဂျီနီဗာ မတ် ၇

အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ် ဆိုးဆိုးရွားရွား ကူးစက်ဖြစ်ပွားနေသော အာဖရိကတိုက်တွင် ယင်းရောဂါပိုး ကူးစက်ဖြစ်ပွားခြင်းကို ကမ္ဘာက ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်ခြင်းမပြုလျှင် ၂၀၂၅ခုနှစ်၌ လူ၈၉သန်း ထပ်မံကူးစက်ခြင်းခံရနိုင်ကြောင်း ကုလသမဂ္ဂက သောကြာနေ့၌ ပြောကြားလိုက်သည်။

ကူးစက်

အာဖရိက ဆာဟာရအောက်ပိုင်းဒေသတွင် လူ၂၅သန်းခန့်သည် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ရရှိထားပြီးဖြစ်ရာ ကမ္ဘာ့စုစုပေါင်း အရေအတွက်၏ ၇၀ရာခိုင်နှုန်း ဖြစ်သည်။ အရွယ်ရောက်လူဦးရေ၏ ၅ရာခိုင်နှုန်းတွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ထားပြီး ယင်းကူးစက်ရောဂါကြောင့် ကလေး၁၁သန်းမှာ မိဘမဲ့များ ဖြစ်ကြရသည်။

ပြောကြား

အသစ် ကူးစက်ဖြစ်ပွားမည့်သန်းပေါင်းများစွာသော လူများကို အကယ်၍ အာဖရိကတိုက်နှင့် ကျန်ကမ္ဘာ့နိုင်ငံများက အေအိုင်ဒီအက်စ် ပြဿနာကို ဖြေရှင်းဖို့စဉ်းစားကြမည်ဆိုလျှင် ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ဂျီနီဗာ အခြေစိုက် ကုလသမဂ္ဂအေအိုင်ဒီအက်စ် အေဂျင်စီ (ယူအင် အေအိုင်ဒီအက်စ်) အမှုဆောင်ညွှန်ကြားရေးမှူး ပီတာပွိုက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အသေးငယ်ဆုံးကြယ်အား နက္ခတ္တဗေဒပညာရှင်များ ရှာဖွေတွေ့ရှိထား

ဆန်တီယာဂို မတ် ၇

ချီလီနိုင်ငံတွင်ရှိသော ပါရာနာလ် စူးစမ်းလေ့လာရေးဌာနမှ နိုင်ငံတကာဆိုင်ရာ နက္ခတ္တဗေဒပညာရှင်များအသင်းက ကမ္ဘာတွင်သိထားဖူးသမျှ အသေးဆုံးကြယ်တစ်လုံးကို ရှာဖွေတွေ့ရှိထားကြောင်း ကြာသပတေးနေ့က ကြေညာလိုက်သည်။

အဆိုပါကြယ်သည် ဂျူပီတာဂြိုဟ်ထက် ၁၆ရာခိုင်နှုန်းမျှသာ ကြီးမားသည်ဟု ချီလီနိုင်ငံ မြောက်ပိုင်းရှိ အက်တာကာမာ သဲကန္တာရရှိ ပါရာနာလ်စူးစမ်းလေ့လာရေး ဌာနကို ကြီးကြပ်ရသော ဥရောပတောင်ပိုင်း လေ့လာရေးဌာန (အီးအက်စ်အို)က ပြောကြားသည်။

ယင်းကြယ်၌ အလင်းရောင်ထွက်သော ဗဟိုချက်တစ်ခုရှိပြီး ကိုယ်ပိုင်တောက်ပသည်။ ၄င်းကြယ်သည် နေနှင့်အလားသဏ္ဌာန်တူသော အခြားကြယ်တစ်လုံးကို ဝိုင်းပတ်သည်။ တစ်ပတ်ပြည့်အောင် လည်ပတ်ရန် သီတင်းတစ်ပတ်ကြာမြင့်သည်ဟု အီးအက်စ်အိုက ပြောကြားသည်။

ယခုကဲ့သို့ နေ၏ထုထည်ထက် ၁၀ရာခိုင်နှုန်းလျော့နည်းသော ကြယ်များရှိသည်ဆိုခြင်းကို တိုက်ရိုက်စူးစမ်း လေ့လာပြသခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆွစ်ဇာလန် နက္ခတ္တဗေဒပညာရှင် ဖရက်ဒရစ်ပွန့်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

စစ်ကြောင်းကြီးများအား တေးဂီတ၊ အဆို၊ အက အငြိမ့်၊ ဟာသနှင့် ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ဖျော်ဖြေ

ရန်ကုန် မတ် ၉

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၊ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက တေးဂီတ အဆို၊ အက၊ အငြိမ့်၊ ဟာသနှင့် ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ယမန်နေ့ည ၇နာရီတွင် ဖျော်ဖြေကြသည်။

ထိုသို့ဖျော်ဖြေရာတွင် အောင်မင်္ဂလာအဝေးပြေးရှေ့ နယ်မြေခံတပ်ရင်းရှိ ကျန်စစ်သားစစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ မြဝတီစင်တင်တေးဂီတအဖွဲ့နှင့်အတူ စတူဒီယိုတေးသံရှင်များကလည်းကောင်း၊ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၌ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မြဝတီစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ မြင့်မြတ်နလုံးသားရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ ဇေယျဝတီရေတပ်စခန်း ဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ ရင်ခွင်နန်းတော်ရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ တပ်မတော်အရိုးကုဆေးရုံခုတင်(၅၀၀)ရှိ ဗန္ဓုလစစ်ကြောင်း၌ အချစ်ကိုမွေးဖွားခြင်း ရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ပန်းချီ၊ပန်းပုပြိုင်ပွဲများတွင် ဆုရရှိသူများ၏အမည်စာရင်းကြေညာ

ရန်ကုန် မတ် ၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီက ပန်းချီ၊ ပန်းပုပြိုင်ပွဲများကို ကျင်းပခဲ့ရာ ဆုရရှိသူများ၏စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

မူကြိုအဆင့်

မူကြိုအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မဖြိုးကေခိုင် အထက(၂) စမ်းချောင်းမူကြို၊ ဒုတိယဆုကို မမြတ်နိုးပွင့် တောင်ကြီးပညာရေးကောလိပ် လေ့ကျင့်ရေးမူကြို၊ တတိယဆုကို မောင်မျိုးဟိန်းကျော် ပဲခူးမူကြိုကျောင်း၊ အထူးဆုများအဖြစ် မဇွန်ပွင့်ဦး အလုံမူကြို(၄)၊ မောင်မြတ်သုတနိုင် အလုံမူကြို(၄)၊ မောင်ကောင်းသန့် တောင်ကြီးပညာရေးကောလိပ် လေ့ကျင့်ရေးမူကြို၊ မလမင်းမောင် အလုံမူကြို(၄)၊ မနန်းမွန်ဆီရီ တောင်ကြီးပညာရေးကောလိပ်လေ့ကျင့်ရေးမူကြိုတို့က ရရှိကြသည်။

မူလတန်း

မူလတန်း(အငယ်)အဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မောင်ထူးထက်အောင် သူငယ်တန်းအထက(၁)ဒဂုံ၊ ဒုတိယဆုကို မအေးချမ်းမိုး ဒုတိယတန်းအထက(၁)မြိတ်၊ တတိယဆုကို မောင်မင်းသီဟတိုး ပထမတန်း အထက(၆)ဗိုလ်တထောင်၊ အထူးဆုများအဖြစ် မစိုးရတနာ သူငယ်တန်း အထက(၁)မြိတ်၊ မအေးချမ်းပွင့်ဖြူ သူငယ်တန်းအထက(၁)ဒဂုံ၊ မောင်ထွန်းထက်မြက် ဒုတိယတန်းပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မဟာန်နီထက်ထက် ဒုတိယတန်း အမကလွန်(၁၁)မန္တလေး၊ မောင်သိင်္ဂါသန်းဝေ ဒုတိယတန်း အလက(၄) တောင်ဥက္ကလာပတို့က ရရှိကြသည်။

မူလတန်း(အကြီး)အဆင့် ပန်းချီ ပြိုင်ပွဲတွင် ပထမဆုကို မကေသန့်စင် စတုတ္ထတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ ဒုတိယဆုကို မဆုယမင်း စတုတ္ထတန်း အထက(၁)ဒဂုံ၊ တတိယဆုကို မောင်ကျော်ဇေယျ စတုတ္ထတန်း အမကလွန်(၃)ဗဟန်း၊ အထူးဆုများအဖြစ် မောင်သန်းထူးအောင် တတိယတန်း အမက(အရှေ့)ကျောက်တန်း၊ မောင်ကောင်းထက်ကျော် စတုတ္ထတန်း အမက(၁၈)တာမွေ၊ မောင်ထက်အာကာ စတုတ္ထတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မမိုးပွင့်ဖြူ တတိယတန်း အထက(၂)လသာ၊ မထက်နွယ်နွယ်ဦး စတုတ္ထတန်း အလက(၁)လှိုင်ကော်တို့က ရရှိကြသည်။

အလယ်တန်း

အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မမြတ်သီရိမောင် ဆဋ္ဌမတန်း အလက(၁)ရန်ကင်း၊ ဒုတိယဆုကို မောင်ရဲဇာနည်အောင် ပဉ္စမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ တတိယဆုကို မောင်အောင်ပိုင်စိုး ပဉ္စမတန်း အထက(၃)ပဲခူး၊ အထူးဆုများအဖြစ် မမြတ်မြင့်မိုရ်ဆဋ္ဌမတန်း ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်း(ရန်ကင်း)၊ မောင်ကောင်းလွင်ဦး သတ္တမတန်း အထက(၂)ဒဂုံ၊ မစုလဲ့ဟန် ဆဋ္ဌမတန်း အမကလွန်(၄၈)ရွှေပေါက်ကံ၊ မမြတ်နိုးရတနာစံ ပဉ္စမတန်း အထက(၃)တာမွေ၊ မောင်စည်သူအောင် ပဉ္စမတန်း အထက(၅)တာမွေတို့က ရရှိကြသည်။

အထက်တန်း

အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မနှင်းအိအိဖွေး အဋ္ဌမတန်း အထက(၁)ကျောက်တန်း၊ ဒုတိယဆုကို မဆုဆုဇာ အဋ္ဌမတန်း အထက(၁)ကျောက်တန်း၊ တတိယဆုကို မောင်ရဲတင့်ဘော် အဋ္ဌမတန်း အလက(၄) မရမ်းကုန်း၊ အထူးဆုများအဖြစ် မောင်ဆုပိုင်ထွန်း နဝမတန်း အထက(၁)သန်လျင်၊ မခင်ချမ်းမြေ့သူ နဝမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မနွယ်ဦးဝေ နဝမတန်း အထက(၂)လသာ၊ မောင်သီဟတင် အဋ္ဌမတန်း အထက(၁)ဒဂုံ၊ မဝင်းသူဟန် ဒသမတန်း အထက(၂)လသာတို့က ရရှိကြသည်။

အလွတ်တန်း

အလွတ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို ဦးအောင်မိုး (၈၂၂) မာဃ(၁၀)လမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာပ၊ ဒုတိယဆုကို မောင်လှဟန် (၄၇) ရွှက်လှလမ်း ၁၈(က)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ တတိယဆုကို သပြေမြင့်သိန်း ည-၁၄၀၅ ဘုမ္မာ(၂၁)လမ်း မြောက်ဥက္ကလာပ၊ အထူးဆုများအဖြစ် ဦးမောင်မောင်(၁၉၂)အရှေ့ပိုင်း ကမ်းနားလမ်း ကျောက်တန်း၊ မောင်ကျော်ဆင့်(၈၂၂) မာဃ(၁၀)လမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာပ၊ ဒေါက်တာဇာခြည်ဝေလင်း တိုက်(၄) အခန်း(၁) ပြည်တော်သစ်ရိပ်သာ ပုဇွန်တောင်၊ ဦးရာဇာထွဏ်း တိုက်(၄၇)အခန်း(၁၆) သမိုင်းဘူတာရုံလမ်း မရမ်းကုန်း၊ ဦးထွဋ်တင် ၇/၁၅၉ ဦးပန်းဖြူလမ်း တောင်ငူတို့က ရရှိကြသည်။

အလွတ်တန်းပန်းပု

အလွတ်တန်းအဆင့် ပလတ်စတာပန်းပုပြိုင်ပွဲတွင် ပထမဆုကို မောင်စိုင်းအိုက်နော်(၉၇၀) ဦးဘလုံကြီးလမ်း (၅၈)ရပ်ကွက် ဒဂုံဆိပ်ကမ်း၊ ဒုတိယဆုကို မောင်ရဲကျော်စွာ တတိယနှစ် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ တတိယဆုကို မောင်စိုးမြင့်သူ ၃/၃၀၄ အောင်ဇေယျအိမ်ရာ (၂၆)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အထူးဆုများအဖြစ် မောင်စိုးမင်းထွဋ် ဆားခါးရွာ ဆားလင်းကြီးမြို့နယ်၊ မောင်ဇော်မင်းထွဋ် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ ဦးတင်နိုင်ဝါဆို ဒေါပုံ၊ ဦးမျိုးနိုင် ဝန်ထမ်းရိပ်သာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ မောင်ခင်မောင်သန့်(၉၉၅) ငွေတောင် သစ္စာလမ်း(၃၅)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)တို့က ရရှိကြသည်။

အလွတ်တန်းအဆင့်(သစ်သား)ပန်းပုပြိုင်ပွဲတွင် ပထမဆုကို မောင်စိုးမင်းနောင် ဒါးပိန်၊ ဒုတိယဆုကို ဦးရွှေဝင်းသန့် ဒါးပိန်၊ တတိယဆုကို ကိုဇော်လတ် ဒါးပိန်၊ အထူးဆုများအဖြစ် မောင်နိုင်ဌေးလင်း ဒါးပိန်၊ မောင်အောင်ဇော်လှိုင်(၆၆၄) ဝေဇယန္တာ(၁၄)လမ်း (၆)အနောက်ရပ်ကွက် သာကေတ၊ ကိုသိန်းအောင် (၃၆၉) ဣန္ဒာ(၅)လမ်း မြောက်ဥက္ကလာပ၊ ကိုအောင်ကျော်ထွေး ဒါးပိန်၊ ဦးဌေးလွင် ဒါးပိန်တို့က ရရှိကြသည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ပန်းပုပြိုင်ပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်သိပ္ပံများမှ ကျောင်းသားကျောင်းသူများနှင့် ပန်းချီ၊ ပန်းပု ပညာရှင်များသည် အထူးစိတ်ဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ပေးပို့ကြရာ ပြိုင်ပွဲဝင် ပန်းချီကားစုစုပေါင်း ၄၈၁ ကား ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပန်းပုပြိုင်ပွဲတွင် သစ်သား ပန်းပု ၈၅ ရုပ်နှင့် ပလတ်စတာပန်းပု ကိုးရုပ် စုစုပေါင်း ၉၄ ရုပ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုလက်ရာများသည် အနုပညာလက်ရာအရည်အသွေး ပိုမိုတိုးတက်မြင့်မားလာသည့်အလျောက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး တပ်မတော်၏ အစဉ်အလာကောင်း(၁၂)ရပ်ကို ပေါ်လွင်အောင် ဖော်ကျူး၍ ပြည်သူ့နှင့်တစ်သားတည်းဖြစ်သော ပြည်သူ့တပ်မတော်ကို ပေါ်လွင်ထင်ရှားအောင် ရသမြောက် ဖန်တီးရေးဆွဲ ထုလုပ်ယှဉ်ပြိုင်ထားကြသည်။

ဆုများချီးမြှင့်မည်

ပန်းချီ၊ပန်းပုပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၅ခုနှစ် မတ် ၂၇ ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး အထူးဆုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပပြုလုပ်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားများတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ပန်းချီ၊ ပန်းပုပြိုင်ပွဲအဆင့် အသီးသီး၌ ဆုရရှိကြသူများအားလုံးသည် ၂လက်မခွဲ X ၂လက်မအရွယ် ကိုယ်တစ်ပိုင်းရောင်စုံဓာတ်ပုံ နှစ်ပုံကို မတ် ၁၄ ရက်အရောက် အတွင်းရေးမှူး ပန်းချီ၊ ပန်းပုပြပွဲကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့သို့ ပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၇ ရက်က အလုံမြို့နယ် အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး သင်တန်းခန်းမတွင် ကျင်းပရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့် အဖွင့်အမှာစကားပြောကြားစဉ်။

(ခရိုင်ပြန်/ဆက်)

မင်္ဂလာဒုံဆေးတက္ကသိုလ်(၂) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

၁၉၆၈ခုနှစ်တွင် မင်္ဂလာဒုံဆေးတက္ကသိုလ်(၂)၌ တက်ရောက်သင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများသည် မတ် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌ကျင်းပမည့် အာစရိယပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဒေါက်တာကျော်မြင့် ဒုတိယညွှန်ကြားရေးမှူး(အနာကြီး) ဖုန်း-၃၇၉၀၁၈-ရုံး၊ ဒေါက်တာကံဦး လက်ထောက်ညွှန်ကြားရေးမှူး(ခုခံကျ/ကာလသား) ဖုန်း-၂၅၁၉၇၃-ရုံး၊ ၀၉-၅၀၀-၀၈၀၈၊ ဒေါက်တာဇော်ဝင်း ခရိုင်ဆရာဝန်ကြီး(သန်လျင်) ဖုန်း-၀၅၆-၂၁၅၁၁-ရုံး တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုအစိုးရသည် ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများဖွဲ့စည်းရာတွင် ပြည်ထောင်စုဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလိုဖွဲ့စည်းခွင့်ရှိသင့်

■ *ကျောဖုံးမှ*

တရားစီရင်ရေးဟူ၍ ခွဲခြားသတ်မှတ်ထားကြောင်း၊ ယင်းကဏ္ဍကြီးများတွင် အသေးစိတ်လုပ်ငန်းကိစ္စရပ်များကို ဖော်ပြထားကြောင်း၊ ပြည်ထောင်စုဥပဒေပြု စာရင်းပါကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရက တာဝန်ယူ အကောင်အထည် ဖော်ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များလည်း ပါဝင်ကြောင်း တင်ပြခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ အရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ဖြစ်သည့်အချိန်တွင်အာဏာ သက်ရောက်လျက်ရှိနေသည့် ဥပဒေများအရလည်းကောင်း၊ ပြည်ထောင်စု ဥပဒေပြုခွင့်စာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများအရလည်းကောင်း အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရသည် ဥပဒေအရပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းတာဝန်များကို မိမိကိုယ်စားကျင့်သုံးဆောင်ရွက်နိုင် ရေးအတွက် ဝန်ကြီးဌာနများအား ခွဲဝေအပ်နှင်းဆောင်ရွက်စေရန်ဖြစ်ကြောင်း၊ သိရှိပြီးဖြစ်ကြသည့်အတိုင်း နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်နှင့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်ကြောင်း၊ သတ်မှတ်ထားပြီးသည့် ဝန်ကြီးဌာနများကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်ကြောင်း အသေးစိတ်အခြေခံရမည့်မူ ချမှတ်ပြီး ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရ၏ဝန်ကြီးဌာနသည် ဥပဒေအရ ခွဲဝေအပ်နှင်းထား သည့် လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနကိုယ်စား ခွဲဝေကျင့်သုံး ဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သည့် ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်း များကို ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်နိုင်ခွင့် ရှိစေရပါမည်။ သို့မှသာ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်မှာဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရသည် ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်း များဖွဲ့စည်းရာတွင် ပြည်ထောင်စုဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းခွင့်ရှိသင့်ကြောင်း။

ပြည်ထောင်စုအစိုးရသည် ဝန်ကြီးဌာနအသီးသီးအတွက် ပြည်ထောင်စု ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သည့် ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်း များ ဖွဲ့စည်းရာတွင် လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ လိုအပ်သလိုခွဲခြား သတ်မှတ်ပေးပိုင်ခွင့်ရှိရပါမည်။ သို့မှသာ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် လည်းကောင်း၊ လုပ်ပိုင်ခွင့်များကျင့်သုံးရာတွင်လည်းကောင်း အဆင်ပြေမှုရှိမည် ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်ထောင်စုဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း များဖွဲ့စည်းရာတွင် လိုအပ်သည့်ဝန်ထမ်းများကိုလည်း ခန့်အပ်ပိုင်ခွင့်ရှိရမှာ ဖြစ်ကြောင်း၊ ဝန်ထမ်းများခန့်ထားရာတွင် အဆင့်ဆင့်သော ဝန်ထမ်းများအတွက် လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်း ဝန်ထမ်းအဖွဲ့အစည်းအသီးသီးအား အပ်နှင်း ဆောင်ရွက်စေရမှာဖြစ်ကြောင်း၊ ဝန်ထမ်းများခန့်ထားရာတွင် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ထားရှိရမှာဖြစ်ကြောင်း၊ ဝန်ထမ်းများ ခန့်အပ်ပိုင်ခွင့် ရှိသည့် အာဏာပိုင်အဖွဲ့အစည်းများသည် မိမိတို့၏လုပ်ပိုင်ခွင့်နှင့်လုပ်ငန်း တာဝန်များကို ကျင့်သုံးဆောင်ရွက်ကြရာတွင် ညီညီညွတ်ညွတ်ရှိစေရန်အတွက် စည်းမျဉ်း စည်းကမ်းများ၊ ဥပဒေများပြဋ္ဌာန်းထားရန် လိုမှာဖြစ်ကြောင်း၊ ပြည်ထောင်စု အစိုးရသည် ပြည်ထောင်စုဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများအတွက် ဝန်ထမ်းခန့်ထားပိုင်ခွင့်ကို သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၏ အကြီးအကဲများအား ဥပဒေနှင့်အညီ သတ်မှတ်ပေးထားရန် လိုအပ်မည် ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အသေးစိတ်အခြေခံရမည့် မူချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုရန်ဖြစ်ပါ ကြောင်း –

“ပြည်ထောင်စုအစိုးရသည် ဥပဒေနှင့်အညီ–

(က) ပြည်ထောင်စုဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ ယင်းသို့ဖွဲ့စည်းရာတွင် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(ခ) လိုအပ်သောဝန်ထမ်းများကို ခန့်အပ်နိုင်သည်”

ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်နှင့် ပြည်ထောင်စု အစိုးရက နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို အခါအားလျော်စွာ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏လေ့လာတွေ့ရှိချက်များကို ဆက်လက် တင်ပြသွားမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရဟု လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေလျှင်လည်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှ စပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်ကြောင်း မှတ်ယူရ မည်ဟုလည်းကောင်း အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားပြီးဖြစ်ပါကြောင်း။

အလားတူပင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့် ပုဂ္ဂိုလ်များသည်လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပုဂ္ဂိုလ်သည်လည်းကောင်း မည်သည့်လွှတ်တော် ကိုယ်စားလှယ်မျှ မဖြစ်စေရဟု သတ်မှတ်ထားပါကြောင်း၊ လွှတ်တော်ကိုယ်စား လှယ်ဖြစ်နေလျှင်လည်း ပြည်ထောင်စုဝန်ကြီးအဖြစ် လည်းကောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်အဖြစ် လည်းကောင်း ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမှာဖြစ် ကြောင်း အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့သည် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတကိုသာ တာဝန်ခံရသူများဖြစ်ပါကြောင်း။

နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတဦးဆောင် သည့် ပြည်ထောင်စုအစိုးရအဖွဲ့သည် အုပ်ချုပ်ရေးအာဏာကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခွင့်ရှိပါကြောင်း၊ သို့ရာတွင် ပြည်ထောင်စုအစိုးရ၏အုပ်ချုပ်မှုအခွင့် အာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သည့် ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့ကြောင်း၊ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ပေးရန် တင်ပြ ထားပြီးဖြစ်၍ ပြည်ထောင်စုအစိုးရ၏အုပ်ချုပ်မှုအခွင့်အာဏာနှင့် ပြည်ထောင်စု လွှတ်တော်၏ ဥပဒေပြုခွင့်အာဏာတို့သည် အပြန်အလှန်ဆက်စပ်မှုရှိနေမည် ဖြစ်ကြောင်း။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများအရ ပြည်ထောင်စု အစိုးရတွင် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များရှိလာမည်ဖြစ်ကြောင်း၊ ပြည် ထောင်စုအစိုးရသည် ယင်းလုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရကလည်း နိုင်ငံအကျိုးကို ရှေးရှုလျက် ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေကြမ်းများတင်သွင်းခွင့်ရှိပါမည်။ ထိုသို့တင်သွင်းသည့် ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပါက သက်ဆိုင်ရာများက ယင်းဥပဒေများတွင် သတ်မှတ်ပါရှိသည့် လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤသို့ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စု လွှတ်တော်တို့သည် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းသွားကြမှာ ဖြစ်ကြောင်း။

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုအာဏာကို ကျင့်သုံးလျက် နိုင်ငံတော်အတွက် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းပိုင်ခွင့်ရှိသည့်အပြင် နိုင်ငံတော်အကျိုးကိုရှေးရှုလျက် လိုအပ်သည့်ဆုံးဖြတ်ချက်များလည်း ချမှတ်ပိုင်ခွင့် ရှိကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ ပြည်ထောင်စု အစိုးရက လိုအပ်သလိုအကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်သည့်အပြင် မိမိ၏အရေးယူဆောင်ရွက်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည် အစီရင်ခံရမှာဖြစ်ကြောင်း။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ် တော်က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အချို့ကိုသိရှိနိုင်ရန် အောက်တွင်ဖော်ပြ အပ်ပါကြောင်း။

၂၈-၁၀-၇၅ နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထအစည်းအဝေး၌ တစ်မျိုးသားလုံးလူညွှန့်တုံးစေမည့် မူးယစ်ထုံထိုင်း ဆေးဝါးများအန္တရာယ်ကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက စနစ်တကျ တားဆီးကာကွယ်လျက်ရှိသည်ကို လွှတ်တော်ကမှတ်တမ်းတင်ပြီး ယင်းသို့ တားဆီးကာကွယ်ခြင်းကို ပိုမိုထိရောက်အောင်မြင်စေရန် အမျိုးသားရေးအမြင်ဖြင့် တစ်မျိုးသားလုံးစည်းလုံးတိုက်ဖျက်ရေးအတွက် တစ်မျိုးသားလုံး လူပ်ရှားပါဝင် ဆောင်ရွက်ရန် ဤလွှတ်တော်က တိုက်တွန်းကြောင်း ဆုံးဖြတ်ခဲ့ပါကြောင်း။

၂၂-၃-၇၉ နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယအစည်းအဝေး၌ သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာ ကွန်ဗင်းရှင်းနှင့်နောက်ဆက်တွဲစာချုပ်ဖြစ်သော နိုင်ငံသားအဖြစ်ရရှိခြင်းနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာစာချုပ်တို့တွင် မြန်မာနိုင်ငံပါဝင်ရန် ဆုံးဖြတ် ခဲ့ပါကြောင်း။

၁၅-၃-၈၈ နေ့တွင် ကျင်းပသည့် စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမအစည်းအဝေး၌ သင်္ဘောဝန်ထမ်းများအား သင်တန်းပေးခြင်း၊ ကျွမ်းကျင်မှု လက်မှတ်ထုတ်ပေးခြင်းနှင့် အလှည့်ကျတာဝန်ထမ်းဆောင်ခြင်းနှင့်သက်ဆိုင် သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း(၁၉၇၈)ကို မြန်မာနိုင်ငံက သဘောတူ လက်ခံရေးကိစ္စကို အတည်ပြုရန်ဆုံးဖြတ်ခဲ့ပါကြောင်း။

အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်များကို ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ တာဝန်ပေးအပ်ထားသည့် အတိုင်း ဝန်ကြီးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ ယင်း အခြေခံဥပဒေပုဒ်မ ၈၇ ပုဒ်မခွဲ(ဂ)တွင် “ဝန်ကြီးအဖွဲ့သည် ပြည်သူ့လွှတ်တော် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်သည်” ဟု လုပ်ငန်းတာဝန်သတ်မှတ် ထားပါကြောင်း။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရသည် မိမိ၏အုပ်ချုပ်ရေးအာဏာကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခွင့်ရှိသော်လည်း နိုင်ငံတော်အကျိုးနှင့် ပြည်သူများ၏အကျိုးတို့ကိုရှေးရှုလျက် ပြည်ထောင်စု လွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့် ဆုံးဖြတ်ချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို ပြည် ထောင်စုအစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုအခြေအနေအရပ်ရပ်ကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ အသိပေး တင်ပြသင့်ပါကြောင်း။

ထို့အပြင် ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေး ချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်သည့် အတွက် နိုင်ငံတော်၏ တိုးတက်မှုအခြေအနေအရပ်ရပ်ကို ပြည်ထောင်စုလွှတ် တော်သို့ အခါအားလျော်စွာ အသိပေးတင်ပြစေသင့်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့သည် မိမိတို့၏အုပ်ချုပ်ရေး အာဏာနှင့် ဥပဒေပြုရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ကြရာတွင် အချင်းချင်း အပြန်အလှန်လေးစားမှု၊ ထိန်းကျောင်းနိုင်မှုများ ရှိကြမှာဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းတာဝန်အဖြစ် အောက်ပါ အတိုင်း အသေးစိတ်အခြေခံမည့်မူများ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြု ကြရန်ဖြစ်ပါကြောင်း–

“ပြည်ထောင်စုအစိုးရသည်–

(က) ပြည်ထောင်စုလွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ မိမိ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်အစီရင်ခံရမည်။

(ခ) နိုင်ငံတော်၏အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ အခါအားလျော်စွာ တင်ပြရမည်။”

မိမိတင်ပြခဲ့သည့် လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အုပ်ချုပ်ရေးအခန်းတွင် ပါဝင်ရမည့် ပြည်ထောင်စုအစိုးရနှင့်စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများကိုစုစည်းလျက် အောက်ပါအတိုင်းတင်ပြအပ်ပါကြောင်း–

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များသို့လည်း သက်ရောက် ပျံ့နှံ့သည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိ သည်။ ဤစကားရပ်ကြောင့် ပြည်ထောင်စုလွှတ်တော်သည် အာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ရပ်အားလည်းကောင်း၊ အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးဦး အားလည်းကောင်း တာဝန်နှင့် လုပ်ပိုင်ခွင့်များပေးအပ်ခြင်းမပြုနိုင်ဟု မမှတ်ယူရ။ ထို့ပြင် ယင်းစကားရပ်ကြောင့် တည်ဆဲဥပဒေများအရ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်အားဖြစ်စေ၊ သက်ဆိုင်ရာ အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နိုင်ငံတော်သမ္မတအား လွှဲပြောင်းပေးအပ်သည်ဟု လည်း မမှတ်ယူရ။

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရဟု အခြေခံရမည့်မူ ချမှတ်ထား

❐ **နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရဟုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဖြစ်နေ လျှင်လည်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်ကြောင်း မှတ်ယူရမည်ဟု လည်းကောင်း အသေးစိတ် အခြေခံရမည့်မူ ချမှတ်ထားပြီးဖြစ်။**

နိုင်ငံတော်၏တိုးတက်မှုအခြေအနေအရပ်ရပ်ကို ပြည်ထောင်စုလွှတ်တော်သို့ အခါအားလျော်စွာအသိပေးတင်ပြစေသင့်

စာမျက်နှာ ၄ မှ

၃။ (က) ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်အားလုံးကို နိုင်ငံတော်သမ္မတ၏အမည်ဖြင့် အရေးယူဆောင်ရွက်သည်ဟု ဖော်ပြရမည်။

(ခ) **နိုင်ငံတော်သမ္မတ၏အမည်ဖြင့်ထုတ်ပြန်သော အမိန့်များနှင့် ချုပ်ဆိုသော စာချုပ်စာတမ်းများကို နိုင်ငံတော်သမ္မတက ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင် ဖော်ပြထားသောနည်းလမ်းများနှင့် အညီဖြစ်စေရမည်။ ထို့ပြင် ထိုသို့ဆောင်ရွက်ထားသည့်အမိန့် သို့မဟုတ် စာချုပ်စာတမ်းများသည် နိုင်ငံတော်သမ္မတ၏အမိန့် သို့မဟုတ် စာချုပ်စာတမ်း မဟုတ်သောကြောင့် မခိုင်လုံဟု ငြင်းဆိုပိုင်ခွင့်မရှိစေရ။**

(ဂ) နိုင်ငံတော်သမ္မတသည် မိမိ၏သဘာအတိုင်း ဆောင်ရွက်ရန် ဤဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့်ကိစ္စရပ်များမှအပ ပြည်ထောင်စုအစိုးရက ဆောင်ရွက်ခွင့်ရှိသော ကိစ္စရပ်များအတွက်လည်းကောင်း၊ အဆိုပါကိစ္စရပ်များကို ပြည်ထောင်စုအစိုးရဝန်ကြီးများအား ခွဲဝေအပ်နှင်းရန်လည်းကောင်း၊ ဥပဒေ**တစ်ရပ်ရပ်အရ ဆောင်ရွက်ရန် တာဝန်ရှိသောပုဂ္ဂိုလ်အား ခွဲဝေအပ်နှင်းရန်လည်းကောင်း လိုအပ်သည့်နည်းဥပဒေများ ပြဋ္ဌာန်းခွင့်ရှိသည်။**

(ဃ) နိုင်ငံတော်သမ္မတသည် အထက်ပါပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ မိမိ၏တာဝန်ဝတ္တရားများကို နယ်မြေဒေသအလိုက်ဖြစ်စေ၊ အစိုးရဌာနဆိုင်ရာလုပ်ငန်းအလိုက်ဖြစ်စေ ခွဲဝေအပ်နှင်းနိုင်သည်။

၄။ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် **တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်။**

၅။ ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရ၏မူဝါဒများကို ချမှတ်ရမည်။ ယင်းမူဝါဒများနှင့်အညီ လိုအပ်သောစီမံကိန်းများကို ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၆။ ပြည်ထောင်စုအစိုးရသည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်ထောင်စု၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းအပေါ် အခြေပြုလျက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ **ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းအတည်ပြုချက်ရယူရမည်။**

၇။ ပြည်ထောင်စုအစိုးရသည် မိမိတင်သွင်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခြင်းမပြုနိုင်လျှင် ပြည်ထောင်စုလွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး **ဆိုင်ရာ ဥပဒေပါ သာမန်အသုံးစရိတ်ခွင့်ပြုချက်ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်။**

၈။ ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးဌာနများသည် ယင်းတို့၏ လက်**အောက်ရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လုပ်ငန်းတာဝန်များကို** ဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုရမည်။

၁၀။ ပြည်ထောင်စုအစိုရးသည် တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရနှင့် **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့တို့က လုပ်ငန်းများကို အကောင်**အထည်ဖော်ဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်မှုရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးသည်။

၁၁။ ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့် နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးဆိုင်ရာ အငြင်းပွားမှုများမှအပ–

(က) **တိုင်းဒေသကြီးနှင့်ပြည်နယ်အကြား၊ တိုင်းဒေသကြီး အချင်းချင်း၊** ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအချင်းချင်း ဖြစ်ပွားသည့် အုပ်ချုပ်မှုဆိုင်ရာ အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လိုအပ်လျှင် **အဆုံးအဖြတ်ပေးခြင်းပြုသည်။**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအကြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနှင့် ပြည်ထောင်စုနယ်မြေအကြား ဖြစ်ပွားသည့် အုပ်ချုပ်ရေးဆိုင်ရာ အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လိုအပ်လျှင် အဆုံးအဖြတ်ပေးခြင်းပြုသည်။

၁၂။ ပြည်ထောင်စုအစိုးရသည် ဥပဒေနှင့်အညီ–

(က) ပြည်ထောင်စုဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ ယင်းသို့ ဖွဲ့စည်းရာတွင် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(ခ) လိုအပ်သောဝန်ထမ်းများကို ခန့်အပ်နိုင်သည်။

၁၃။ ပြည်ထောင်စုအစိုးရသည်–

(က) **ပြည်ထောင်စုလွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မိမိ၏အရေးယူဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်အစီရင်ခံရမည်။**

(ခ) **နိုင်ငံတော်၏ အခြေအနေအရပ်ရပ်၌စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ အခါအားလျော်စွာတင်ပြရမည်။**

ပြည်ထောင်စုအစိုးရ၏အုပ်ချုပ်မှုအခွင့်အာဏာနှင့် စပ်လျဉ်း၍ မိမိစုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ရန် သင့်မသင့် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း ထပ်လောင်းမေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

၂၀၀၅ခုနှစ် မတ်၇ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏အုပ်ချုပ်မှုအခွင့်အာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စားလုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် တရားရုံးချုပ်တရားသူကြီး ဦးတင်အေးတို့၏ ဆက်လက်ဖတ်ကြားတင်ပြချက်များကို မတ် ၁၁ ရက်ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပဲခူးယ်ကုန်းမြို့ သုံးလူ့ရန်အောင်စေတီတော် ထီးတော်တင်ပွဲအခမ်းအနားကျင်းပမည်

ရန်ကုန် မတ် ၉

ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ သမိုင်းဝင် သုံးလူ့ရန်အောင်စေတီတော်မြတ်ကြီးတွင် ပခုက္ကူမြို့ မဟာဝိဇယာရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာနန္ဒ၏ မိန့်ကြားမှု၊ ပဲခူးမြို့ ကုသလဓမ္မကျောင်းဆရာတော် ဦးကုသလ၏ ကြီးကြပ်မှုဖြင့် ထီးတော်နှင့် စိန်ဖူးတော်အသစ် ပြုလုပ်ခြင်း၊ စေတီတော်၏ရင်ပြင်တော်တိုးချဲ့ခြင်း၊ ကျောက်ပြားခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ အရံစေတီတော်များပြုပြင်ခြင်း၊ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခြင်းစသည့် ဘက်စုံပြုပြင်ခြင်းလုပ်ငန်းများကိုလည်းကောင်း အလှူရှင်များက လှူဒါန်းဆောင်ရွက်ခဲ့ကြသည်။

ဖိတ်ကြားနိုးဆော်

စေတီတော်မြတ်ကြီး၏ ထီးတော်တင်လှူပွဲကို ၁၃၆၆ခုနှစ် တပေါင်းလပြည့်ကျော်၃ ရက်(မတ် ၂၇ ရက်) တနင်္ဂနွေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်း ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိကျောင်းလမ်းအား ကျောက်ကတ္တရာအချောခင်းပြုပြင်ရန်အတွက် ဗဟန်းမြို့နယ် ၂၃(စီ) ရွှေတောင်ကြားလမ်းနေ ဒုတိယဗိုလ်မှူးကြီးညွန့်ဇော်(ငြိမ်း)–ဒေါ်သန်းသန်းဦးနှင့် ဦးသက်လွင်မြင့်၊ ဒေါက်တာခိုင်ခိုင်ဇော်၊ သားမောင်သက်ထက်ဉာဏ်မိသားစုတို့က မတည်အလှူငွေကျပ် တစ်သိန်းကို ဆရာတော်ဘဒ္ဒန္တဥတ္တမထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မဟာစည်ဆရာတော်ကြီး၏ သက်တော်ရာပြည့် မော်ကွန်းစာအုပ်ဖြန့်ချိ



ရန်ကုန် မတ် ၉

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆဋ္ဌသင်္ဂါယနာ ပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး ဘဒ္ဒန္တသောဘန၏ သက်တော် ရာပြည့် အထိမ်းအမှတ်အဖြစ် မော်ကွန်းစာအုပ်ကို ပြုစုထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ရာ ဗဟန်း မဟာစည်သာသနာ့ရိပ်သာတွင် ဝယ်ယူပူဇော်နိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ဒို့ကျေးရွာ ဂျာနယ် အတွဲ(၂)၊ အမှတ်(၆) ထွက်ပါပြီ

ရန်ကုန် မတ် ၉

ရေမြင့်မှကြာတင့်မည်၊ ဒို့ကျေးရွာကန်သာယာတွင် ကြာပန်းပမာဦးကြီးတို့ဘဝ တင့်တယ်လန်းဖြာစေရန် သုတ၊ ရသအာဟာရစုံဖြည့်ဆည်းပေးမည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၆)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)** ဤစာစောင်တွင် ကျေးလက်နေတောင်သူလယ်သမားများနှင့်စိုက်ပျိုးရေး၊မွေးမြူရေးသမားများအတွက် စရိတ်နည်း ဝင်ငွေများစေမည့် နွားနောက်မွေးမြူရေး၊ ငရုတ်၏ဆေးဖက်ဝင်အာနိသင်၊ ကြံအထွက်တိုးရေး၊ ရုံးပတီစိုက်ပျိုးနည်းများနှင့်စပ်လျဉ်း၍ ဗဟုသုတရဖွယ်များ တင်ပြထားသည့်အပြင် ရသကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို စုံလင်စွာထည့်သွင်းဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်(၃၀–၃၂)၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

သဲအင်းဂူ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၉

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလ သဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)နှင့် ဘဒ္ဒန္တဝေပုလ္လ(တွံတေး) အရှင်သူမြတ်နှစ်ပါးတို့က မတ် ၂၀ ရက်မှ ၂၇ ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်၍ သမထဝိပဿနာ တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ မတ် ၁၉ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့် အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

မတ် ၉ ရက်က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရွှေစင်ရွှေပြားကပ်လှူရန် ဘက်စုံပြုပြင်ရန်အတွက် တိုက်(၅) ပထမထပ်(A-2) အေးရိပ်မွန်၃လမ်းနှင့် ရတနာမွန် ၄လမ်းထောင့် (၃)ရပ်ကွက် လှိုင်မြို့နယ်နေ အလှူရှင် ဦးလှကြည်–ဒေါ်ကျင်ရီ၊ သား မောင်စိုးဝင်းမိသားစုက အလှူငွေကျပ်နှစ်သိန်းငါးထောင်ကို စေတီတော်ဂေါပကအဖွဲ့ အဝေးရောက် အကျိုးဆောင် ဦးဆန်းထံသို့ လာရောက်လှူဒါန်းစဉ်။ (က–ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ မတ်လအတွက် (၁၃–၃–၂၀၀၅)ရက်နေ့

နှင့်

(၂၇–၃–၂၀၀၅)ရက်နေ့

နယ်စပ်ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနယ်မြေများ၏ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေလျှင် ပြည်ထောင်စုတစ်ခုလုံး အချိုးညီဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ပြည်ထောင်စုအစိုးရက လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းပေးသင့်

✡ ကျောဖုံးမှ

အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့သည့် ထောက်ပံ့ငွေမည်မျှပေးနိုင်မည်။ ချေးငွေများ မည်မျှထုတ်ချေးနိုင်မည်ဆိုသည်ကို လျာထားရပါမည်။

နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာတွင် အစိုးရကသာ နိုင်ငံ၏ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ပြုစုပြီး နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကိုရေးဆွဲလျက် ဥပဒေပြုလွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူကြကြောင်း။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၂၅ ပုဒ်မခွဲ(၁)တွင် “ပြည်ထောင်စုအစိုးရသည် ဘဏ္ဍာတော်နှစ်တိုင်း တစ်နှစ်အတွက် ပြည်ထောင်စုနိုင်ငံ၏ အရခန့်မှန်းခြေ ငွေစာရင်းနှင့် အသုံးမှန်းခြေ ငွေစာရင်းများကိုပြု၍ ထိုစာရင်းများကို ပြည်သူ့လွှတ်တော်သို့ စဉ်းစားဆွေးနွေးရန်တင်ပြရမည်”ဟု ပြဋ္ဌာန်းထားကြောင်း၊ အလားတူပင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ(ခ)တွင် “နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းကို ဝန်ကြီးအဖွဲ့ကလိုအပ်သလို ညှိနှိုင်းရေးဆွဲ၍ နိုင်ငံတော်ကောင်စီမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်”ဟူ၍လည်းကောင်း၊ ပုဒ်မ၈၉ ပုဒ်မခွဲ(ခ)တွင် “ရသုံးမှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းပေးနိုင်ရန် ဝန်ကြီးအဖွဲ့ကသာလျှင် နိုင်ငံတော်ကောင်စီမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်”ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသည့် ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းတာဝန်ပိုင်းတွင် အဆိုပါလုပ်ငန်းတာဝန်ကို သတ်မှတ်ဖော်ပြသင့်ကြောင်း။

ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ပြည်ထောင်စု၏ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲရမည်ဖြစ်ကြောင်း၊ ဤသို့ ရေးဆွဲသည့်အခါ ရငွေအပိုင်းတွင် သာမန်ရငွေနှင့် ငွေလုံးငွေရင်းရငွေများဟူ၍လည်းကောင်း၊ သုံးငွေအပိုင်းတွင် သာမန်သုံးငွေနှင့် ငွေလုံးငွေရင်း သုံးငွေများဟူ၍လည်းကောင်း ခွဲခြား၍ ပြုစုရပါမည်။

ထို့ပြင် ပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများကိုလည်း ထည့်သွင်းခန့်မှန်းရပါမည်။ နိုင်ငံတော်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ နှစ်ရှည်၊ နှစ်တိုနှင့် နှစ်စဉ်စီမံကိန်းများ၊ အထူးစီမံကိန်းများအတွက်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်အတွင်း စတင်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နှစ်ရှည်၊ နှစ်တိုနှင့် နှစ်စဉ်စီမံကိန်းများ၊ အထူးစီမံကိန်းများအတွက်လည်းကောင်း လိုအပ်မည့် ဘဏ္ဍာငွေအသုံးစရိတ်များကို ခန့်မှန်းလျာထားရပါမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကိုလည်း ဖွဲ့စည်းလာမည်ဖြစ်၍ ဤတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကလည်း မိမိတို့နှင့်ဆိုင်ရာ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲရပါမည်။ ဤသို့ရေးဆွဲသည့်အခါ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ရငွေနှင့်သုံးငွေ မကာမိပါက ပြည်ထောင်စုအစိုးရထံမှ ဖြည့်ဆည်းငွေ၊ ချေးငွေများရယူရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု၏ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအသီးသီးအား ဖြည့်ဆည်းငွေ မည်မျှပေးမည်၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ငွေမည်မျှပေးမည်၊ မည်သည့်လုပ်ငန်း၊ မည်သည့်စီမံကိန်းအတွက် ချေးငွေမည်မျှပေးမည်ဆိုသည်ကို လျာထားရမှာဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရသည် ဘဏ္ဍာရေးကော်မရှင်တွင် ညှိနှိုင်းပြီး ခန့်မှန်းခြေငွေစာရင်းကို လျာထားသတ်မှတ်ကြရပါမည်။ ဘဏ္ဍာရေးကော်မရှင်တွင် နိုင်ငံတော်သမ္မတနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အဓိကပါဝင်ကြမှာဖြစ်ကြောင်း၊ ဘဏ္ဍာရေးကော်မရှင်တွင် အကျေအလည် ဆွေးနွေးကြပြီး ပြည်ထောင်စုအတွက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးအတွက် လျာထားသတ်မှတ်ပေးရန် ညှိနှိုင်းရရှိသည့် ခန့်မှန်းခြေငွေစာရင်းကို အတည်ပြုကြရမည်ဖြစ်ကြောင်း။

ဘဏ္ဍာရေးကော်မရှင်တွင် ညှိနှိုင်းရရှိသည့် ခန့်မှန်းခြေငွေစာရင်းကို အခြေပြုလျက် ပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအသီးသီးအား ခွဲဝေသတ်မှတ်ပေးထားသည့် ခန့်မှန်းခြေငွေစာရင်းအပါအဝင် ပြည်ထောင်စု၏ နှစ်စဉ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို အပြီးသတ်ပြန်လည်ရေးဆွဲရပါမည်။

ပြည်ထောင်စုအစိုးရသည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ခန့်မှန်းခြေငွေစာရင်းအပေါ် အခြေပြုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးအတွက် လျာထားသည့် ဖြည့်ဆည်းငွေ၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့သည့် ထောက်ပံ့ငွေနှင့် ချေးငွေများကိုဖော်ပြလျက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုရေးဆွဲပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် အတည်ပြုချက်ရယူရပါမည်။

ထို့ကြောင့် ပြည်ထောင်စုအစိုးရ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းရေးဆွဲခြင်းတို့နှင့် စပ်လျဉ်းပြီး–

> **“ပြည်ထောင်စုအစိုးရသည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်ထောင်စု၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းအပေါ် အခြေပြုလျက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုရေးဆွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက်ရယူရမည်”**

ဟူ၍ အသေးစိတ် အခြေခံရမည့် မူချမှတ်ရန် သင့်မသင့်ဆွေးနွေးအကြံပြုကြရန် ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရကတင်သွင်းခဲ့သည့် ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ပြည်ထောင်စုလွှတ်တော်က အတည်မပြုနိုင်ပါက ပြည်ထောင်စုအစိုးရအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပိုင်ခွင့်ရှိသင့်သည်ဆိုသည်နှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်ပြီး တင်ပြလိုကြောင်း။

ပြည်ထောင်စုအစိုးရသည် နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်ရပါမည်။ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား စဉ်ဆက်မပြတ် လည်ပတ်နိုင်အောင် ဆောင်ရွက်ရန်တာဝန်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်တစ်ဝန်းလုံး ဟန်ချက်ညီညီ စနစ်တကျ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်တွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမှုများပြုလုပ်ကြရာတွင် တစ်ခါတစ်ရံ ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ မပြီးပြတ်နိုင်သည့် အခြေအနေမျိုး ပေါ်ပေါက်ကောင်း ပေါ်ပေါက်လာနိုင်ကြောင်း။

ယင်းသို့သော အခြေအနေမျိုး ပေါ်ပေါက်လာသည့်အခါ ပြည်ထောင်စုအစိုးရအနေဖြင့် အုပ်ချုပ်ရေးယန္တရားပုံမှန်လည်ပတ်နိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဘဏ္ဍာငွေကို စဉ်ဆက်မပြတ်သုံးစွဲဆောင်ရွက်ခွင့်ရှိသင့်ကြောင်း၊ နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းဝင်များ၏ လစာနှင့်အခြားစရိတ်ကြေးငွေများ၊ ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၏ ဝန်ထမ်းလစာနှင့် အခြားစရိတ်ကြေးငွေများ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်များအရဖြစ်စေ၊ သဘောတူညီချက်များအရဖြစ်စေ တာဝန်ယူထား၍ပေးရမည့် အသုံးစရိတ်များ၊ အခြားသာမန်အသုံးစရိတ်များစသည်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကန့်သတ်ချက်များနှင့်အညီ နိုင်ငံတော်၏ ဘဏ္ဍာငွေမှ စဉ်ဆက်မပြတ်ကျခံ သုံးစွဲခွင့်ရှိသင့်ကြောင်း၊ ယင်းသို့သုံးစွဲခွင့်ကို ပြည်ထောင်စုလွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ခွင့်ပြုချက်ဘောင်အတွင်း သတ်မှတ်ချက်များနှင့်အညီ ဆက်လက် သုံးစွဲခွင့်ရှိသင့်ကြောင်း။

နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် နိုင်ငံတော်အစိုးရက တင်သွင်းသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို သက်ဆိုင်ရာ ဥပဒေပြုလွှတ်တော်က ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ သဘောတူအတည်မပြုနိုင်ပါက သက်ဆိုင်ရာနိုင်ငံတော်အစိုးရသည် ယခင်နှစ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဘောင်အတွင်း ခွင့်ပြုထားသည့် သာမန်အသုံးစရိတ်ရန်ပုံငွေကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်သုံးစွဲခွင့်ရှိကြောင်း ပြဋ္ဌာန်းထားကြောင်း၊ သို့မှသာ နိုင်ငံတော်အစိုးရသည် အုပ်ချုပ်ရေးယန္တရားကို အရှိန်အဟုန်မပျက် ပုံမှန်လည်ပတ်မှုရှိစေရန် တာဝန်ယူဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း။

ဥပဒေပြုလွှတ်တော်က ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက်ပိုင်းတွင်မှ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို အတည်ပြုပြဋ္ဌာန်းပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီလည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊စည်းကမ်း၊အမိန့်၊ ညွှန်ကြားချက်များနှင့်အညီလည်းကောင်း ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးစွဲပြီးခဲ့သည့် သာမန်အသုံးစရိတ်များကို နောက်ပိုင်းအတည်ဖြစ်လာသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန် လိုအပ်သလို စာရင်းညှိနှိုင်းသွားရန်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရက နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရာတွင် အကြောင်းအမျိုးမျိုးကြောင့် တစ်ခါတစ်ရံ ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ အတည်ပြုပြဋ္ဌာန်းခြင်း မပြုနိုင်သည့် အခြေအနေမျိုးပေါ်ပေါက်နိုင်ပါကြောင်း၊ ဤအခြေအနေမျိုး ပေါ်ပေါက်သည့်အခါ ပြည်ထောင်စုအစိုးရအနေဖြင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် အုပ်ချုပ်ရေးယန္တရားလည်ပတ်မှု ရပ်ဆိုင်းမသွားစေဘဲ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါသာမန်အသုံးစရိတ်ခွင့်ပြုချက်ဘောင်အတွင်း ဆက်လက်သုံးစွဲခွင့်ရှိသည့် လုပ်ပိုင်ခွင့်ကို ပေးအပ်ထားသင့်သည်ဟု လုပ်ငန်းကော်မတီက သုံးသပ်ရရှိပါကြောင်း။

ထို့ကြောင့် ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခြင်းမပြုနိုင်ပါက ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းပြီး –

> **“ပြည်ထောင်စုအစိုးရသည် မိမိတင်သွင်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခြင်းမပြုနိုင်လျှင် ပြည်ထောင်စုလွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သာမန်အသုံးစရိတ် ခွင့်ပြုချက် ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်”**

ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့သာ တိုက်ရိုက်တင်သွင်းခွင့်ရှိကြောင်း ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်၍ အခြားဥပဒေကြမ်းများ တင်သွင်းခွင့်နှင့်စပ်လျဉ်း၍လည်း လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရသည် ဥပဒေကြမ်းတစ်ရပ်ကိုရေးဆွဲပြီး အကျိုးအကြောင်းဖော်ပြချက်နှင့် ပြည်ထောင်စုလွှတ်တော် နာယကထံပေးပို့ရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော် နာယက ကသာ ဥပဒေကြမ်း၏သဘောသဘာဝကိုစိစစ်ပြီး ပြည်သူ့လွှတ်တော်သို့သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်သို့သော်လည်းကောင်း ပေးပို့လျက်စတင်ဆွေးနွေးစေရန်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအာဏာသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ပါက ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ တက်ရောက်ပျံ့နှံ့သည်ဟု အသေးစိတ်အခြေခံရမည့်မူတစ်ရပ်ချမှတ်နိုင်ရေးအတွက် တင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုရန်လိုအပ်ပါက ဥပဒေကြမ်းများရေးဆွဲလျက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရပါမည်။ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ ဥပဒေအဖြစ် ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ ဥပဒေအဖြစ် ပြဋ္ဌာန်းရမည်

ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုရန်လိုအပ်ပါက ဥပဒေကြမ်းများရေးဆွဲလျက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြရပါမည်။ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ ဥပဒေအဖြစ်ပြဋ္ဌာန်းရမည်ဖြစ်သည်။

တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း နယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာ အငြင်းပွားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားသင့်

စာမျက်နှာ ၆ မှ

လူမှုရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍဟူ၍ ခွဲခြားဖော်ပြထားပါကြောင်း၊ ကဏ္ဍတစ်ခုချင်းအလိုက် အသေးစိတ်ကိစ္စရပ်များ ဖော်ပြပါရှိပါကြောင်း၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် အခွန်အကောက်အမျိုးအစားများကို ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရသည် ကဏ္ဍအလိုက်ဖော်ပြပါရှိသည့် ကိစ္စရပ်များ၊ အခွန်အကောက် အမျိုးအစားများနှင့်သက်ဆိုင်သည့် ဥပဒေကြမ်းများကို ရေးဆွဲလျက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခွင့်ရှိပါကြောင်း။

ထိုသို့တင်ပြရာတွင် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များအနေဖြင့် မိမိတို့နှင့်ဆိုင်ရာဥပဒေကြမ်းများကို ပြည်ထောင်စုအစိုးရကိုယ်စား တင်ပြကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်များ မဖြစ်ရပါ။ လွှတ်တော်ကိုယ်စားလှယ် ဖြစ်နေလျှင်လည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရပါမည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် မဟုတ်ကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် တက်ရောက်ခွင့်၊ ဥပဒေကြမ်းများတင်သွင်းခွင့်၊ ဆွေးနွေးခွင့်များ ရရှိကြရန်လိုအပ်ပါကြောင်း၊ ယင်းကဲ့သို့လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဆိုပါအခွင့်အလမ်းများနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာအခန်းတွင် ပါရှိမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးတာဝန်ယူသည့်အခါတွင် ပြည်ထောင်စုဥပဒေပြု စာရင်းတွင်ပါရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်ဥပဒေကြမ်းကို ရေးဆွဲပြုစုရသည့် တာဝန်အပြင် ပြောင်းလဲလာသည့် အခြေအနေနှင့်ဆီလျော်မှုမရှိသည့် ဥပဒေများ၊ အချိန်ကာလကြာမြင့်စွာကျင့်သုံးမှုမရှိသည့်ဥပဒေများ၊ ဆက်လက်ကျင့်သုံးရန် မလိုအပ်တော့သည့် ဥပဒေများကို စိစစ်ခြင်းများပြုလုပ်ပြီး ပြင်ဆင်ချက်ဥပဒေကြမ်းများရေးဆွဲတင်ပြခြင်း၊ တည်ဆဲဥပဒေများကိုရုပ်သိမ်းပြီး ဥပဒေသစ်မူကြမ်းရေးဆွဲတင်ပြခြင်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဥပဒေပြုရန်လိုအပ်သည့် ကိစ္စရပ်များအတွက် ဥပဒေကြမ်းများ ရေးဆွဲတင်ပြခြင်းတာဝန်ကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရ၏ ဥပဒေကြမ်းများ ရေးဆွဲတင်ပြခွင့်နှင့် စပ်လျဉ်းပြီး–

> **"ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်သည်"**

ဟူ၍ အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ဆက်လက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးဌာနများသည် ယင်းတို့၏လက်အောက်ခံ အစိုးရဌာန၊ အဖွဲ့အစည်းများက လုပ်ငန်းတာဝန်များဆောင်ရွက်ကြရာတွင် ဥပဒေနှင့်အညီဖြစ်စေရေးအတွက် စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းတို့နှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ စိစစ်လေ့လာချက်များကို ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရသည် မိမိ၏အုပ်ချုပ်မှုအခွင့်အာဏာများကို ဝန်ကြီးဌာနများအား ကဏ္ဍအလိုက် ခွဲဝေအပ်နှင်း ဆောင်ရွက်စေရန်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများက မိမိတို့စီမံခန့်ခွဲခွင့်ရှိသည့်ဥပဒေများအရ မိမိလက်အောက်ခံ အစိုးရဌာန၊ အဖွဲ့အစည်းများအား အုပ်ချုပ်ရေးတာဝန်များ ခွဲဝေအပ်နှင်း ဆောင်ရွက်စေရန်ဖြစ်ကြောင်း။

ယေဘုယျအားဖြင့် ပြည်ထောင်စုအစိုးရ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များတွင် မြစ်ဖျားခံကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြဋ္ဌာန်းလာမည့် ဥပဒေများအရလည်းကောင်း၊ ပြည်ထောင်စုဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းလာမည့်ဥပဒေများအရလည်းကောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် စုပေါင်းတာဝန်ယူရမည့်လုပ်ငန်းတာဝန်များ၊ ဝန်ကြီးဌာနတစ်ခုချင်းအလိုက် တာဝန်ယူရမည့်လုပ်ငန်းတာဝန်များရှိလာမည်ဖြစ်ကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်အချိန်တွင် တည်ဆဲဥပဒေများအရ ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များကိုလည်း ပြည်ထောင်စုအစိုးရနှင့်ဝန်ကြီးဌာနအသီးသီးက ဆက်ခံတာဝန်ယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရသည် ပြောင်းလဲလာသည့်အခြေအနေနှင့် ကိုက်ညီမှုရှိမည့် ဥပဒေကြမ်းများကိုရေးဆွဲပြုစုပြီး သက်ဆိုင်ရာလွှတ်တော်သို့တင်သွင်းခွင့်ရှိရပါမည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်က ဥပဒေများကိုအတည်ပြုပြဋ္ဌာန်း ပေးရပါမည်။

ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း မိမိအား ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံးပြီး လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများအားလိုအပ်သလို ပေးအပ်လျက် အကောင်အထည်ဖော်ဆောင်ရွက်စေရပါမည်။ ထို့ကြောင့် အုပ်ချုပ်မှုဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းအဆင့်ဆင့်သည် မိမိအား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုအစိုးရကသော်လည်းကောင်း၊ ဝန်ကြီးဌာနများကသော်လည်းကောင်း အခါအားလျော်စွာ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာကြရပါမည်။

ဝန်ကြီးဌာန တစ်ခုချင်းအလိုက်လည်း မိမိတို့စီမံခန့်ခွဲရသည့် ဥပဒေများပါရှိမည်။ မိမိတို့ စီမံခန့်ခွဲရသည့် ဥပဒေများပြင်ဆင်ရေး၊ အသစ်ပြဋ္ဌာန်းရေး၊ ရုပ်သိမ်းရေးကိစ္စရပ်များကို ပြည်ထောင်စုအစိုး၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ရပါကြောင်း၊ ဝန်ကြီးဌာနများသည် မိမိတို့စီမံခန့်ခွဲရသည့် ဥပဒေများပါ ရည်ရွယ်ချက်များ ပေါက်မြောက်စေရေးအတွက်လည်းကောင်း၊ ဥပဒေ၏ အကျိုးသက်ရောက်မှုရှိစေရေးအတွက်လည်းကောင်း လိုအပ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်လျက် မိမိတို့လက်အောက် အစိုးရဌာနများ၊ အဖွဲ့အစည်းများအား လိုက်နာဆောင်ရွက်ကြစေရပါကြောင်း။

ပြည်ထောင်စုအစိုးရအနေဖြင့်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုချင်းအလိုက်လည်းကောင်း မိမိတို့လက်အောက်ရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်မှုများဖြစ်စေရန်နှင့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်မှုများဖြစ်စေရန်နှင့် စဉ်ဆက်မပြတ်ကြီးကြပ်မှုပြုနေရမှာဖြစ်ကြောင်း၊ ဤသို့ ကြီးကြပ်မှုပြုနိုင်ရန် မိမိတို့လက်အောက်ရှိ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပုံမှန်အစီရင်ခံစာများ၊ အထူးအစီရင်ခံစာများ အချိန်မှန်မှန်တင်ပြစေခြင်း၊ ကွင်းဆင်းလေ့လာစစ်ဆေးခြင်း၊ လိုအပ်သည်များကို လမ်းညွှန်ခြင်းတို့ကို ပြုလုပ်ရန်လိုအပ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးဌာနများသည် ယင်းတို့၏လက်အောက်ရှိ အစိုးရဌာန၊ အဖွဲ့အစည်းများက လုပ်ငန်းဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီလည်းကောင်း၊ တည်ဆဲဥပဒေများ၊ ယင်းဥပဒေများအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီလည်းကောင်း ဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးရပါမည်။ အကယ်၍ ဆောင်ရွက်ခြင်းမရှိသည့် ကိစ္စရပ်များ စစ်ဆေးတွေ့ရှိရပါက လိုအပ်သည့် ပြုပြင်မှုများ၊ လမ်းညွှန်မှုများ ပြုလုပ်ရပါမည်။ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်မှုများတွေ့ရှိပါက ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းများအရ ဌာနဆိုင်ရာအရေးယူမှုများကို ပြုလုပ်သွားရမှာ ဖြစ်ကြောင်း၊ သို့မှသာ ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက်ရှိ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများသည် လည်းကောင်း၊ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်မှုများသည်လည်းကောင်း၊ ဥပဒေနှင့်အညီဖြစ်ပြီး ပြည်ထောင်စု၏အကျိုး၊ နိုင်ငံသားများ၏ အကျိုးကို ဖြစ်ထွန်းစေနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးဌာနများအနေဖြင့် ယင်းတို့၏လက်အောက်ရှိ အစိုးရဌာနများ၊ အဖွဲ့အစည်းများအား ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုခွင့်နှင့် စပ်လျဉ်းပြီး–

> **"ပြည်ထောင်စု အစိုးရအဖွဲ့၏ ဝန်ကြီးဌာနများသည် ယင်းတို့၏ လက်အောက်ရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုရမည်"**

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ဆက်လက်ပြီး ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းတာဝန်အဖြစ် သတ်မှတ်သင့်သည့် တိုင်းဒေသကြီး အစိုးရ၊ ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့တို့က လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှု ရှိစေရန်အတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ စိစစ်လေ့လာချက်များကို တင်ပြလိုပါကြောင်း။

ယခုဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် ချမှတ်ပြီးသည့် အခြေခံရမည့်မူများအရ "နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်၊ ရှိရင်းစွဲ တိုင်းခုနစ်တိုင်းကို တိုင်းဒေသကြီး ခုနစ်ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် ခုနစ်ပြည်နယ်ကို ပြည်နယ် ခုနစ်ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်နယ် ခုနစ်ပြည်နယ်တို့သည် အဆင့်အတန်းတူညီကြသည်"ဟူ၍လည်းကောင်း၊ "နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်းခွဲဝေအပ်နှင်းမည်"ဟူ၍လည်းကောင်း အခြေခံမူများ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတော်ကို ဖွဲ့စည်းတည်ထောင်ရာတွင် ပြည်ထောင်စုတစ်ခုလုံး အတတ်နိုင်ဆုံးအချိုးညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်ထောင်စုသားအားလုံး၏ စားဝတ်နေရေး ပြည့်စုံလာစေရန်နှင့် ပြည်ထောင်စုသားအားလုံး၏ လူနေမှုဘဝမြင့်မားလာစေရန် ပြည်ထောင်စုအစိုးရက အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ထိုနည်းတူပင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း လူဦးရေ၊ စီးပွားရေးအခွင့်အလမ်း၊ သယံဇာတပစ္စည်း၊ လမ်းပန်းဆက်သွယ်မှု၊ လူနေမှုစသည့် အခြေအနေအရပ်ရပ်တို့မှာ မတူညီကြသော်လည်း တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရတို့သည် ပြည်ထောင်စုအစိုးရနှင့်ပူးပေါင်းညှိနှိုင်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များဖွံ့ဖြိုးတိုးတက်မှုကို တတ်နိုင်သမျှ အချိုးညီညီ မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အလားတူပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့တို့သည် မိမိတို့ဒေသ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စည်ပင်သာယာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နှစ်ရှည်၊ နှစ်တိုနှင့် နှစ်စဉ်လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဤသို့ ဆောင်ရွက်ကြရာတွင် တိုင်းဒေသကြီးအစိုးရအနေဖြင့်လည်းကောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များအနေဖြင့်လည်းကောင်း မိမိတို့ဒေသအတွင်း မိမိတို့ဘာသာ သီးခြားဆောင်ရွက်ကြမည်ဆိုပါက ထိရောက်အောင်မြင်မှု ရှိသင့်သလောက် ရှိနိုင်မည်မဟုတ်ဟု သုံးသပ်ရရှိပါကြောင်း၊ မိမိတို့အချင်းချင်းလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့်လည်းကောင်း ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်မှသာ လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များ အပြည့်အဝ အကောင်အထည်ပေါ် လာမှာဖြစ်ကြောင်း။

ပြည်ထောင်စုသားအားလုံး၏ လူနေမှုဘဝမြင့်မားလာစေရန် ပြည်ထောင်စုအစိုးရက အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိ

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့က ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့က ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေလျှင်သော်လည်းကောင်း၊ နယ်စပ်ဒေသများနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနယ်မြေများ၏ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေလျှင်သော်လည်းကောင်း ပြည်ထောင်စုတစ်ခုလုံး အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ထောင်စုအစိုးရက လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးသင့်ပါကြောင်း။

ပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့တို့က မိမိတို့နယ်မြေအတွင်း စိုက်ပျိုးရေး၊ ဆည်မြောင်းတာတမံများ တည်ဆောက်ရေး၊ စက်မှုလုပ်ငန်းတည်ထောင်ရေး၊ စီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ၊ စည်ပင်သာယာရေး၊ လမ်းတံတားများဖောက်လုပ်တည်ဆောက်ရေးစသည့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်မှုရှိစေရန် ပြည်ထောင်စုအစိုးရဌာနအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများအကြား လိုအပ်သည့် ပစ္စည်းများရရှိရေး၊ လိုအပ်သည့် ဝန်ထမ်းများနှင့်အသိပညာရှင်၊ အတတ်ပညာရှင်များရရှိရေး၊ နည်းပညာများရရှိရေး၊ ဖြည့်ဆည်းငွေ၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့သည့် ထောက်ပံ့ငွေ၊ ချေးငွေများရရှိရေးတို့ကို ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးရန်ဖြစ်ကြောင်း၊ ယင်းပေါင်းစပ်ညှိနှိုင်းမှုများ စဉ်ဆက်မပြတ် ပြုလုပ်ပေးနိုင်မှသာ ပြည်ထောင်စုတစ်ခုလုံး အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ထိရောက်အောင်မြင်မှုရှိစေရန် ပေါင်းစပ်ညှိနှိုင်းပေးပိုင်ခွင့်နှင့် စပ်လျဉ်းပြီး–

> **"ပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့တို့က လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်မှုရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးသည်"**

ဟူ၍အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် အမျိုးသားညီလာခံက ချမှတ်ခဲ့သည့်မူများပါ အထွေထွေပြဋ္ဌာန်းချက်အပိုင်းတွင် "နိုင်ငံတော်ဖွဲ့စည်းပုံ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ စာတမ်းပြုစုရေးအဖွဲ့က စုံညီအစည်းအဝေးသို့ တင်ပြမည့် အစုအဖွဲ့၏စာတမ်းတစ်စောင် စုပေါင်းပြုစုရန် သဘောတူဆုံးဖြတ်

■ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် ချမှတ်သင့်သည် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် နိုင်ငံရေးပါတီခုနစ်ခုမှ အကြံပြုချက်စာတမ်းများ ပြုစုရေးအတွက် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစု

လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် ကိုယ်စားလှယ်များက အကြံပြုချက်စာတမ်းများ တင်သွင်းရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးမြစိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ) ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယ

အာဏာခွဲဝေမှုအပိုင်းများအနက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို တနင်္သာရီတိုင်းမှ ဦးစိုးမြင့်က ကဏ္ဍအလိုက် ကောက်နုတ်ဖတ်ကြားဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အစုအဖွဲ့ စာတမ်းပြုစုရေးအဖွဲ့က စုံညီအစည်းအဝေးသို့ တင်ပြမည့် အစုအဖွဲ့၏ စာတမ်းတစ်စောင်ကို စုပေါင်းပြုစုရန် သဘောတူဆုံးဖြတ်ကြပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေး

အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြမည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ စာတမ်းများပြုစုရန် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းနှင့် ရန်ကုန်တိုင်းမှ ဒေါက်တာ မျိုးသန့်တင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းပြည့်ရှိသဖြင့် ညှိနှိုင်းဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ စာတမ်းများပြုစုရန် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

ပွဲကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဧရာဝတီတိုင်းမှ ဦးကြည်တင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးဦးမြင့်ကြိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းပြည့်ရှိသဖြင့် ညှိနှိုင်းဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဧရာဝတီတိုင်းမှ ဦးကြည်တင့်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်

စာတမ်းပြုစုရေးအတွက် စာတမ်းပြုစုရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းကြသည်။

အဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးနှင့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ်ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်က လည်းကောင်း၊တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်က လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းပြည့်ရှိသဖြင့် ညှိနှိုင်းဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး

ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၄၂ရှိသဖြင့် ညှိနှိုင်းဆွေးနွေးပွဲအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ မန္တလေးတိုင်းမှ ဦးမြစိန်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ စာတမ်းများပြုစုရန် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ စာတမ်းများပြုစုရန် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်မှ ကောက်နုတ်ချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အစုအဖွဲ့၏ အကြံပြုစာတမ်းပြုစုတင်ပြရေးကိစ္စကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကား

အသင်း၏ ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်း ကျေးလက်မီးလင်းရေး မတည်ငွေပေးအပ်လှူဒါန်းပွဲ တက်ရောက်

ရန်ကုန် မတ် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မတ် ၇ ရက် နံနက်ပိုင်းတွင် ကျောက်တံခါးမြို့နယ် ကြိမ်ခါးကုန်းကျေးရွာအုပ်စု အင်ကုန်းကျေးရွာအလယ်တန်းကျောင်း၌ ပြုလုပ်သော ကိုယ့်အားကိုယ်ကိုးကျေးလက်မီးလင်းရေး မတည်ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်းက အင်ကုန်းကျေးရွာကိုယ့်အားကိုယ်ကိုးကျေးလက်မီးလင်းရေး ဆောင်ရွက်မှုအတွက် မတည်ငွေပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးအဖွဲ့ အကျိုးဆောင်ဥက္ကဋ္ဌ ဦးထွန်းကြိုင်က လက်ခံရယူသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်းသည် တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး တောင်ငူခရိုင်နှင့် ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ သွေးလှူဒါန်းမှုနှင့် ရာသက်ပန်သွေးလှူရှင်မှတ်တမ်းများ ပေးအပ်ပွဲသို့ တက်ရောက်သည်။

မတ် ၈ရက် နံနက်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်းသည် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပညာရေးပဒေသာပင်ကျပ်သိန်းနှစ်ဆယ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်က ကညွတ်ကွင်းမြို့ အထက်တန်းကျောင်းအတွက် ပညာရေးပဒေသာပင်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်းသည် ကျောက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ ဗဟိုအလုပ်အမှုဆောင်က နိုင်ငံတော်၏ လက်ရှိအခြေအနေ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် အမျိုးသားညီလာခံကျင်းပဆဲ အခြေအနေများ၊ အသင်းကြီး၏ ပဲခူးတိုင်းအတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး အသင်းဝင်များအနေဖြင့် နယ်မြေ အေးချမ်းတည်ငြိမ်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာကဏ္ဍမှ ကြိုးပမ်း ထမ်းရွက်ရေးတို့ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကညွတ်ကွင်းမြို့ အထက်တန်းကျောင်း ပညာရေးငွေပဒေသာပင် စိုက်ထူရန် ငွေကျပ်သိန်း၂၀ကို ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်ထံ ပေးအပ် လှူဒါန်းစဉ်။ (မီးရထား)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ စာတမ်းများပြုစုရန် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

ပြောကြားပြီး ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဦးလှမြင့်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာသိန်းညွန့်(ညွန့်ဝေ–ကသာ)နှင့် ဒေါက်တာဦးသိန်းဦးဘိုးစောတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ၉၆ ဒသမ ၄၃ ရာခိုင်နှုန်း ရှိသဖြင့် ညှိနှိုင်းဆွေးနွေးပွဲအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားသည်။

အဖြစ် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးမြတ်ကိုနှင့် ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူး

ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ပြောကြားချက်ကို ကိုယ်စားလှယ်များအား ဖတ်ကြားဆွေးနွေးသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှတင်ပြမည့် အကြံပြုစာတမ်း ပြုစုရေးအတွက် စာတမ်းပြုစုရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြား

အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၁၇ရှိသဖြင့် ညှိနှိုင်းဆွေးနွေးပွဲ အထမြောက်

ပြီး ဆွေးနွေးညှိနှိုင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေးအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဆက်လက် ကျင်းပသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ စာတမ်းများပြုစုရန် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

မှူး ဦးအောင်ကြည်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ကလည်းကောင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်း ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၉၈ ရာခိုင်နှုန်း ရှိသဖြင့် ညှိနှိုင်းဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိကိုယ်စား သဘာပတိအဖွဲ့ဝင် ဦးအောင်ခမ်းထိက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းပြုစုရေးအတွက် သဘာပတိအဖွဲ့ဝင် ဒေါက်တာ မနန်းတူးဂျာက ရှင်းလင်းပြောကြားပြီး ညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ထို့နောက် အလှည့်ကျသဘာပတိကိုယ်စား သဘာပတိအဖွဲ့ဝင်ဦးအောင်ခမ်းထိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့် စပ်လျဉ်း၍ စာတမ်းများပြုစုရန် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

ယင်းနောက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှတင်ပြမည့် အကြံပြုချက် စာတမ်းပြုစုရေးအတွက် စာတမ်းပြုစုရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးညှိနှိုင်းပွဲကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင် ဦးမြတ်ကိုက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဦးပေါ်လိုက်ခမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးအောင်ခမ်းထိနှင့် ဒေါက်တာ မနန်းတူးဂျာတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေး

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(TTC) (၁၉၈၈–၁၉၉၅) ပညာသင်နှစ်ကျောင်းသားကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲကို မတ် ၂၄ရက် (တပေါင်းလပြည့်၊ ကြာသပတေးနေ့) နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ပြည်လမ်းရှိ အဆိုပါကျောင်းခန်းမဆောင်သစ်၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာကန်တော့ပွဲသို့ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုဇော်နိုင်သိန်း ဖုန်း–၀၉–၅၀၀–၂၄၆၅၊ ကိုထင်လင်း(ခ)မောင်နီ ဖုန်း–၀၉–၅၀၁–၅၅၆၃၊ ကိုသန်းမြင့်ဦး ဖုန်း–၀၉–၅၀၀–၇၀၆၁၊ ကိုခိုင်ဝင်း ဖုန်း–၀၉–၈၀၃–၃၀၃၃၊ ကိုအောင်သက်ပိုင် ဖုန်း–၀၉–၅၀၀–၄၂၇၅၊ ကိုကျော်လှိုင်ဝင်း ဖုန်း–၀၉–၅၀၀–၇၃၉၃ နှင့် ကိုအာကာကျော်ဝင်း ဖုန်း–၀၉–၅၀၁–၅၇၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

စတုတ္ထအကြိမ် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ရွှေနေချုပ်ရုံး ဓမ္မာရုံတွင် ဖွင့်လှစ်မည်

ရန်ကုန် မတ် ၉

ရန်ကုန်မြို့ ဗဟန်း၂လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ ရွှေနေချုပ်ရုံး ဓမ္မာရုံတွင် အသက်ခြောက်နှစ်မှ ၁၂နှစ်အရွယ်ကလေးများအတွက် စတုတ္ထအကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ဓမ္မဒါနအဖြစ် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ စာရင်းပေးသွင်းလိုသော မိဘအုပ်ထိန်းသူများသည် ရွှေနေချုပ်ရုံးဓမ္မာရုံ၌ မတ်၁၂ရက် (စနေနေ့)၊ ၁၃ရက် (တနင်္ဂနွေနေ့) နှင့် ၁၉ ရက် (တနင်္ဂနွေနေ့)များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃နာရီအထိ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၀–၃–၂၀၀၅(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈း၀၅ ၆။ အတီးပြိုင်ပွဲ

၈း၁၀ ၇။ အကပဒေသာ

၈း၂၀ ၈။ စစ်ကိုင်းတိုင်းပုထိုးလုံးတံတား

၈း၃၀ ၉။ International News

၈း၄၅ ၁၀။ Let's Go

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆း၃၀ ၃။ English for Everyday Use.

၁၆း၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ

၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)

၁၇း၁၅ ၆။ တေးဂီတအစီအစဉ်

၁၇း၃၀ ၇။ ချစ်စရာအရွယ်ကကြိုးသွယ်

၁၇း၄၅ ၈။ **"မပြောမပြီး မတီးမမြည်"** (နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်) ဒါရိုက်တာ–မောင်မောင်မြင့်

၁၇း၅၅ ၉။ တေးဂီတအစီအစဉ်

၁၈း၀၅ ၁၀။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၁၈း၁၅ ၁၁။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၁၈း၃၀ ၁၂။ ညနေခင်းသတင်း

၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ

၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း–၁၃)

၁၉း၃၅ ၁၅။ မြန်မာ–ဂျပန်ချစ်ကြည်ရေး ဘောလီဘောပြိုင်ပွဲ

၁၉း၄၅ ၁၆။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး

၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "မဆိုရက်လို့ စိုတဲ့ မျက်ရည်" (အပိုင်း–၁)** (နိုင်းနိုင်း၊ ထွန်းအိန္ဒြာဗို၊ လှအဥ္ဇလီတင့်) ဒါရိုက်တာ–မောင်မောင်ဦး၊ စန္ဒီးဝိုက်

ညီမူရာ

ဒေါက်တာမတင်ဝင်း
(ပညာရေးတက္ကသိုလ်)

ညီမူရာ ဟူသော ဝါဟာရကို မန္တလေးမြို့တွင် တည်ရှိသော မလွန်ဆန်လှူအသင်းခန်းမ၏ နဖူးစီးတွင် စာရေးသူပထမဆုံးတွေ့ဖူးခဲ့ပါသည်။ မလွန်ဆန်လှူအသင်းကြီးတွင် စေတနာ့ဝန်ထမ်း အကျိုးဆောင်နေကြသော ဘဘများသည် အသက်အားဖြင့် အိုမင်းသည့်ဘက်သို့ ရောက်လာကြပြီဖြစ်သည့်တိုင် စိတ်အားဖြင့် တက်ကြွလန်းဆန်းစွာ သာသနာတော်၏ကောင်းကျိုးကို သယ်ပိုးနေကြသူများ ဖြစ်ပါသည်။ ဘဘတို့က ခန်းမ၏အမည်သည် အဘယ့်ကြောင့် ညီမူရာဖြစ်နေရသည်ကို ရှင်းပြကြပါသည်။

ညီမူရာဆိုသည်မှာ ဗုဒ္ဓသာသနာတော်ဝယ် ရဟန်းတော်များစုစည်း၍ ရဟန်းခံခြင်း၊ သိမ်သမုတ်ခြင်းစသည့် သာသနာ့အကျိုးကို ဖြစ်စေသော လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ညီညွတ်အောင် ညှိကြရသည်။ ထိုသို့ ညှိရာတွင် ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးတွင် အလိုဆန္ဒတူမျှအောင် ညှိကြရသည်။ ထိုသို့ညီအောင်ညှိကြရန် ဗုဒ္ဓက ဆုံးမ ပြဋ္ဌာန်းတော်မူခဲ့သည်။ ထိုသို့သော အဆုံးအမတော်နှင့် လုပ်ထုံးလုပ်နည်းကို ချီးကျူးပူဇော်သောအားဖြင့် ပထမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးက မလွန်ဆန်လှူအသင်းကြီး၏ ခန်းမကို 'ညီမူရာ'ဟု အမည်ပေးတော်မူခဲ့သည်ဟု ဘဘတို့က ရှင်းလင်းပြောပြကြပါသည်။

ဘဘတို့သည် အသက်ကြီးဝါကြီးပုဂ္ဂိုလ်များဖြစ်သည့်တိုင် ရီးရာခလေ့ထုံးစံအတိုင်း ဂါရဝနိဝါတတရား ကြီးမားလှသည်။ ယဉ်ကျေးဖွယ်ရာ ရှိလှသည်။ ထို့ကြောင့် ပြောဟန်ဆိုဟန်များကလည်း ယဉ်ကျေးလှပါသည်။ **'ကျွန်တော်တို့ ဗုဒ္ဓက ကိစ္စတစ်ခုကို ညှိကြတဲ့အခါမှာ တရားနည်းလမ်းလည်းကျနအောင်၊ အချင်းချင်းလည်း ပြေပြစ်ညီညွတ်အောင် ညှိကြဖို့ သွန်သင်ဆုံးမတော်မူခဲ့တယ် ခင်ဗျ။ ဘယ်ကိစ္စမှာ မဆို အချင်းချင်းညှိကြတဲ့အခါ မည်သူတစ်ဦးတစ်ယောက်မျှ အကျိုးနည်းပါးစေခြင်းမရှိရအောင် အချင်းချင်း ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင် ညှိကြပြီးမှ အားလုံးသဘောတူ ဆုံးဖြတ်ကြတယ်ဆိုရင် ညီမူရာ ဖြစ်တယ်ပေါ့ ခင်ဗျာ။ အဲသည်လို ညှိနှိုင်းဖို့ဆိုတာကတော့ စေတနာလည်း ကောင်းရမယ်။ သူ့အကျိုး ကိုယ့်အကျိုးကို မျှတအောင် ညှိနှိုင်းနိုင်တဲ့ ယောနိသောမနသိကာရနဲ့လည်း ပြည့်စုံရမယ်ပေါ့ခင်ဗျာ'** ဟုရှင်းလင်းပြောပြကြပါသည်။ ထိုစကားကို ၁၉၉၅ခုနှစ်က စာရေးသူ ကြားနာမှတ်သားခဲ့ရခြင်း ဖြစ်ပါသည်။ မလွန်ဆန်လှူအသင်းတော်ကြီးသည် သက်တော်ရှည်အသင်းတော်ကြီး ဖြစ်ပါသည်။ ထိုအသင်းတော်ကြီး၏ အကြောင်းကို စာရေးသူက ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် ရေးသားခဲ့ရာ ဂျပန်ရောက် မြန်မာနိုင်ငံသားတစ်ယောက်က စာရေးသူထံသို့ ငွေတစ်သိန်း ပေးပို့လှူဒါန်းခဲ့ပါသည်။ သူ၏ကိုယ်စား စာရေးသူက မလွန်ဆန်လှူအသင်းသို့ သွားရောက်လှူဒါန်းပေးခဲ့သည့်အချိန်က ညီမူရာ ဆိုသော ဝါဟာရကို အမှတ်ထင်ထင်သိခဲ့ရခြင်းဖြစ်ပါသည်။ ထူးခြားလှပသော အမည်ဖြစ်သဖြင့် မမေ့နိုင်အောင် သတိထားမိခဲ့ခြင်း ဖြစ်ပါသည်။

လူတို့၏သဘာဝမှာ တစ်ဦးချင်းတစ်ယောက်ချင်း နေလေ့မရှိကြပေ။ မိသားစုနှင့်မိသားစုအသိုက်အဝန်း၊ လူမှုရေးအသိုက်အဝန်း၊ လုပ်ငန်းတူအသိုက်အဝန်း၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အသိုက်အဝန်း၊ ဒေသသားများဆိုင်ရာ အသိုက်အဝန်း၊ နိုင်ငံသားများအားလုံးနှင့်ဆိုင်ရာ အသိုက်အဝန်းဆိုသလို အသိုက်အဝန်း အမျိုးမျိုးတို့၏ ပတ်ဝန်းကျင်တွင် ခင်မင်ရာခင်မင်ကြောင်း၊ တူညီရာ တူညီကြောင်းကို အခြေခံကာ စုစည်း စည်းရုံးလေ့ရှိတတ်ကြသည်။

ထိုသို့သော လူမှုအဖွဲ့အစည်းအမျိုးမျိုးတွင် လုပ်ဆောင်ရမည့် ကိစ္စအမျိုးမျိုးတို့ ရှိတတ်ကြသည်။ ထိုကိစ္စများကို ဆောင်ရွက်ရာတွင် မည်သို့ဆောင်ရွက်သင့်သည်ကို ညီမူရာဟူသော ဝါဟာရနှင့်ဆက်စပ်ကာ စာရေးသူစဉ်းစားမိပါသည်။

"ညီမူရာ" ဆိုသည့် ဝါဟာရနှင့် လုပ်ထုံးလုပ်နည်းကို သေသေချာချာ စဉ်းစားလေလေ အနှစ်သာရကို ပိုမိုမြင်နိုင်လေလေဖြစ်ပါသည်။ ညီမူရာဟုဆိုသည်နှင့် အဘက်ဘက်ကတူညီအောင် ညှိယူခြင်းဆိုသော လုပ်ထုံးလုပ်နည်းကို ဖော်ညွှန်းနေပါသည်။ လုပ်ထုံးလုပ်နည်းတူညီခြင်းသည် တူညီရမည်ဟု အပြင်မှ လာရောက်သတ်မှတ်ခြင်းကိုခံယူကာ ဆောင်ရွက်ခြင်းမဟုတ်။ သာတူညီမျှ ဖြစ်အောင် ကြည်ကြည်ဖြူဖြူ တွဲဖက်ကာ အကောင်းဆုံးနည်းများကို ရွေးချယ်သတ်မှတ်သော အတွင်းတွင် အချင်းချင်းညှိသော လုပ်ထုံးလုပ်နည်းများဖြစ်သည်။ ထိုသို့သော လုပ်ထုံးလုပ်နည်းသည် ညီညွတ်ခြင်း၊ စည်းလုံးခြင်းကို အရင်းခံထားသဖြင့် တိုးတက်ခြင်းကို ဆောင်ကြဉ်းလာမည် ဖြစ်သည်။

ညီမူရာနှင့်ဆန့်ကျင်ဘက်သည် ကြည်ဖြူနှစ်လိုခြင်းမရှိဘဲ ကွဲပြားခြားနားခြင်းဖြစ်ပေလိမ့်မည်။ ကွဲပြားခြားနားခြင်းသည် မည်သည့်နေရာတွင်မဆို၊ မည်သည့်ကိစ္စတွင်မဆို စည်းရုံးမှုအားကို လျော့ပါးစေမည်ဖြစ်သည်။ စည်းရုံးမှုအား လျော့ပါးခြင်းသည် ကိုယ်ခံအားလျော့ပါးခြင်းဆိုသည့် ဆိုးကျိုးကိုသာ သယ်ဆောင်လာမည်ဖြစ်သည်။

ထို့ကြောင့် ညီမူရာဆိုသည့် ဝါဟာရနှင့် အနှစ်သာရကို တွေးမိတိုင်း စာရေးသူသည် ပြေပြစ်ညီညွတ်ခြင်း၊ စည်းလုံးခြင်း၊ အားပြည့်ခြင်း၊ အေးချမ်းသာယာခြင်း စသည့် ကောင်းမြတ်သည့်အရာဟူသမျှကို မဆုံးနိုင်အောင် တွေးမိတတ်သည်။ ညီမူရာသည် အသီးတစ်ရာ အညှာတစ်ခုဟု ဆိုရမည့် လုပ်ထုံးလုပ်နည်း ဖြစ်သည်။

ထိုကဲ့သို့သော လုပ်ထုံးလုပ်နည်းမျိုးကို ချမှတ်ရန်ကိစ္စမှာ လွယ်လွယ်ကူကူ လုပ်၍မဖြစ်နိုင်ပါ။ အချင်းချင်း နားလည်သဘောပေါက်ကြဖို့ အထပ်ထပ်ညှိရမည် ဖြစ်ပါသည်။ ထိုသို့ ညှိနေသည့်အချိန်သည် တိုးတက်အောင် ကြံဆောင်နေသော အချိန်ဖြစ်ပါသည်။ အချိန်ကုန်ဆုံးသလောက် အလုပ်တွင် တိုးတက်မှုများဖို့ အကျိုးများဖို့လိုအပ်ပါသည်။ အချင်းချင်းညှိနေသည့်အချိန်တွင် ပြင်ပမှ အနှောင့်အယှက်များ၊ စကားတင်းဆိုမှုများကို ဂရုစိုက်ရန်မလိုပါ။ အများညီမှသာ မိမိတို့အားလုံး၏ အကျိုး ပီပြင်မည်ကို သတိကြီးစွာထား၍ အာရုံစူးစိုက်ဖို့ လိုအပ်ပါသည်။

မိမိတို့၏အာရုံကို မထွေပြားအောင်စုစည်းနိုင်လေလေ မိမိတို့၏ ညှိနှိုင်းမှုသည် ပိုမိုပီပြင်လေလေဖြစ်လာပါမည်။ သတိကြီးစွာ ထားရမည်မှာ မိမိတို့အကျိုးကို မိမိတို့ဘာသာ ဆုံးဖြတ်နိုင်လေလေ မိမိတို့အကျိုးကို မိမိတို့ကိုယ်တိုင် ဖြိုးမောက်အောင် ဆောင်ရွက်နိုင်လေလေဖြစ်မည်ဟု ယုံကြည်ရမည်ဖြစ်သည်။ ဟိုကပြော မှန်နိုးနိုး၊ သည်ကပြောလျှင် ဟုတ်နိုးနိုး ဖြစ်နေသည်ဟု ဆိုပါက မိမိတို့စိတ်အင်အားသာ ပြုန်းတီးသွားမည်ဖြစ်သည်။ ထိုသို့ ထွေပြားနေသော စိတ်၊ ပြုန်းတီးနေသော အင်အားဖြင့် စဉ်းစားတွေးတောသည့် အလုပ်သည် ညီမူရာဟူသော အကျိုးထူးရလဒ်ကောင်းကို ဆောင်ကြဉ်းလာနိုင်မည် မဟုတ်ပါ။

ထိုသို့ မိမိတို့အချင်းချင်းကြားတွင် ကြံစည်ပြောဆိုလုပ်ဆောင်သမျှ ညီမူရာမဖြစ်ပါက မိမိတို့သိက္ခာကို ပိုမိုကျဆင်းအောင် မလိုလားသူများက ထိပါးသည်ကို ခံရပေမည်။ ထိုသို့ထိပါးခံရလေလေ မိမိတို့၏ အသရေညှိုးနွမ်းလေလေဖြစ်မည် ဖြစ်သည်။

ထို့ကြောင့် မိမိတို့အချင်းချင်း၏ ညီမူရာစုစည်းအားကို မတွေဝေသော ယုံကြည်မှုဖြင့် ညှိနှိုင်းတတ်သည့် အလေ့အထကို မွေးတတ်ဖို့လိုပါသည်။ သို့မှသာ ရေရှည်တွင်ပြည့်ဖြိုးလာမည့် အကျိုးထူးအတွက် ခိုင်မာသောနည်းလမ်း၊ မှန်ကန်သော လုပ်ထုံးလုပ်နည်းများကို ရွေးချယ်သတ်မှတ်နိုင်မည် ဖြစ်ပါသည်။ ညီမူရာသည် အောင်ပန်း၏ အခြားသောအမည်အရည်ဖြစ်သည်ဟု ဆိုပါက မှားမည်မဟုတ်ပါ။ ။

"ညီမူရာ" ဆိုသည့် ဝါဟာရနှင့် လုပ်ထုံးလုပ်နည်းကို သေသေချာချာ စဉ်းစားလေလေ အနှစ်သာရကို ပိုမိုမြင်နိုင်လေလေဖြစ်ပါသည်။ ညီမူရာဟုဆိုသည်နှင့် အဘက်ဘက်က တူညီအောင် ညှိယူခြင်းဆိုသော လုပ်ထုံးလုပ်နည်းကို ဖော်ညွှန်းနေပါသည်။ လုပ်ထုံးလုပ်နည်း တူညီခြင်းသည် တူညီရမည်ဟု အပြင်မှ လာရောက်သတ်မှတ်ခြင်းကိုခံယူကာ ဆောင်ရွက်ခြင်း မဟုတ်။ သာတူညီမျှ ဖြစ်အောင် ကြည်ကြည်ဖြူဖြူ တွဲဖက်ကာ အကောင်းဆုံးနည်းများကို ရွေးချယ်သတ်မှတ်သောအတွင်းတွင် အချင်းချင်းညှိသော လုပ်ထုံးလုပ်နည်းများဖြစ်သည်။ ထိုသို့သော လုပ်ထုံးလုပ်နည်းသည် ညီညွတ်ခြင်း၊ စည်းလုံးခြင်းကို အရင်းခံထားသဖြင့် တိုးတက်ခြင်းကို ဆောင်ကြဉ်းလာမည် ဖြစ်သည်။

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ကြည့်မြင်တိုင်မြို့နယ် အေးရွာရပ်ကွက်တွင် ဖေဖော်ဝါရီ ၂၈ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရန်ကုန်တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးတင်အောင်က နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

ဘွဲ့တံဆိပ်တော်ရဆရာတော်များ ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၉

ပခုက္ကူအသင်း(ရန်ကုန်) ၂၀၀၅ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရတော်မူသော ပခုက္ကူခရိုင်မှ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၆ရက် မွန်းလွဲ ၁နာရီတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အမှတ် ၅၅၀ မဟာဗန္ဓုလလမ်း၌ ကျင်းပမည်ဖြစ်သည်။ အလှူခံဌာနကို မဟာသိမ်တော်ကြီး ဂေါပကအဖွဲ့ရုံး၌ နံနက် ၁၀နာရီမှ ညနေ၄နာရီအထိ ဖွင့်လှစ်ထားရှိရာ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

သဃ်န်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ရွှေအိုးစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၆ရက်က ရပ်ကွက်ရုံးရှိ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်း၊ အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွှန့်လှိုင်နှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၀-၃-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Regional Geography of Newzealand. (တတိယနှစ်-ပထဝီဝင်) Stituent Structure and IC Analysic. (တတိယနှစ်-အင်္ဂလိပ်စာ)
၅း၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၂၉)
၆း၅၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျာ"** (အပိုင်း-၂၀)ဇာတ်သိမ်း
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (အပိုင်း-၅)

ဖွင့်လှစ်

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်းမှ ပြုလုပ်သော ဇမ္ဗူရတနာကလေးငယ်များ ဗုဒ္ဓဝင် ကွန်ပျူတာနှင့်ပန်းချီပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာသာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

10-3 (10).p65 1 3/26/05, 9:53 AM

စာမျက်နှာ ၇ မှ

အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည်လည်းကောင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ စိစစ်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီး အချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များ ဆောင်ရွက်ခြင်းတို့ပြုနိုင်ရန် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးကို ဖွဲ့စည်းမည်"ဟု အခြေခံရမည့်မူတစ်ရပ်အနေဖြင့် ချမှတ်ထားပြီး ဖြစ်ပါကြောင်း။

ထို့အပြင် နယ်နိမိတ်ပြင်ဆင်ရေးဆိုင်ရာ အငြင်းပွားမှုများပေါ်ပေါက်လာပါက ပြေလည်အောင်ဖြေရှင်းရမည့်နည်းလမ်းများကို အမျိုးသားညီလာခံက နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံအခန်းအတွက် ချမှတ်သည့် အသေးစိတ်အခြေခံရမည့်မူများတွင် နိုင်ငံတော်နယ်နိမိတ်ပြင်ဆင်ခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ပြင်ဆင်ခြင်း၊ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ် ပြင်ဆင်ခြင်းတို့နှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ရမည်ဆိုသည့် လုပ်ထုံးလုပ်နည်းများကို ဖော်ညွှန်းသည့် အသေးစိတ်အခြေခံရမည့်မူများချမှတ်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း နယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာ အငြင်းပွားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

အထက်ပါ အငြင်းပွားမှုမျိုးတွင် မပါဝင်သည့် အခြားအငြင်းပွားမှုအချို့နှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမည်။ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့တို့အား ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပေးအပ်ထားသည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ကြရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပွားသည့် အုပ်ချုပ်ရေးဆိုင်ရာ အငြင်းပွားမှုများ တစ်ခါတစ်ရံ ပေါ်ပေါက်နိုင်ကြောင်း။

ထိုနည်းတူပင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနှင့် ပြည်ထောင်စုနယ်မြေအကြား ဖြစ်ပွားသည့်အုပ်ချုပ်ရေးဆိုင်ရာ အငြင်းပွားမှုများလည်း ပေါ်ပေါက်နိုင်မှာဖြစ်ကြောင်း၊ ဥပမာအားဖြင့် မြေနုကျွန်းတွင်စိုက်ပျိုးလုပ်ကိုင်ခွင့် အငြင်းပွားမှုများ၊ ဆည်မြောင်း၊ တာတမံပြုပြင်ထိန်းသိမ်းရေး၊ အသုံးပြုရေးနှင့် ရေပေးဝေရေးတို့နှင့် စပ်လျဉ်းပြီး ပေါ်ပေါက်သည့်အငြင်းပွားမှုများ၊ ကူးတို့တည်ရာနယ်မြေ အငြင်းပွားမှုများ၊ နယ်နိမိတ်ချင်းဆက်စပ်နေသည့် စည်ပင်သာယာရေးအဖွဲ့များအကြားပေါ်ပေါက်သည့် အငြင်းပွားမှုများနှင့် အခွန်အခကောက်ခံမှုနှင့် စပ်လျဉ်းသည့်အငြင်းပွားမှုများ၊ ဆည်ရေ၊ မြစ်ရေ ခွဲဝေသုံးစွဲရေးနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများ စသည်တို့ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့် နယ်နိမိတ်ပြင်ဆင် သတ်မှတ်ရေးဆိုင်ရာ အငြင်းပွားမှုများမှအပ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့အကြား ဖြစ်ပွားသည့် အုပ်ချုပ်ရေးဆိုင်ရာ အငြင်းပွားမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနှင့် ပြည်ထောင်စုနယ်မြေအကြားဖြစ်ပွားသည့် အုပ်ချုပ်ရေးဆိုင်ရာ အငြင်းပွားမှုများကို လည်းကောင်း ပြေလည်စေရန် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးရပါမည်။ အုပ်ချုပ်ရေးဆိုင်ရာ အငြင်းပွားမှုများဖြစ်ပွားပါက မည်သို့ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးမည်ဆိုသည့် လုပ်ထုံးလုပ်နည်းများကိုလည်း ပြည်ထောင်စုအစိုးရက သတ်မှတ်ထားရပါမည်။

ထို့ကြောင့် အောက်ဖော်ပြပါအတိုင်း အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း-

"ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့် နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးဆိုင်ရာ အငြင်းပွားမှုများမှအပ-

(က) တိုင်းဒေသကြီးနှင့်ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်းဖြစ်ပွားသည့် အုပ်ချုပ်မှုဆိုင်ရာ အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လိုအပ်လျှင် အဆုံးအဖြတ်ပေးခြင်းပြုသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ အကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနှင့် ပြည်ထောင်စုနယ်မြေအကြား ဖြစ်ပွားသည့် အုပ်ချုပ်ရေးဆိုင်ရာအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လိုအပ်လျှင် အဆုံးအဖြတ်ပေးခြင်းပြုသည်"

ဟု ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ်မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း အရက်သေစာသောက်စားမောင်းနှင်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ၂၀၀၅ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ ခေတ်မီအရက်မူးတိုင်းကိရိယာ(Alcohol Tester) ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦး ပြည်သူ့ဆက်ဆံရေးနှင့်သုတစီမံခန့်ခွဲမှုပညာသင်တန်း ဖွင့်ပွဲ၌အမှာစကားပြောကြား

ရန်ကုန် မတ် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာသင်တန်း အမှတ်စဉ်(၅)ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်တိုင်း မှော်ဘီ မြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယနေ့ဖွင့်လှစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာ သင်တန်းအမှတ်စဉ်(၅)သို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား ၂၀၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည် ဖြစ်သည်။ **(သတင်းစဉ်)**

မဟာသရဏဂုံတော်ကြီး လက်တွေ့ကျင့်စဉ်သင်တန်း

ရန်ကုန် မတ် ၉

ပရိယတ္တိ စာပေကျွမ်းကျင်မှုအားနည်းသော လူပုဂ္ဂိုလ်များအတွက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ စွယ်စုံကျွမ်းကျင်တတ်မြောက်တော်မူသော လယ်တီဆရာတော်ကြီးက ပိဋကတ်သုံးပုံမှ အနှစ်ထုတ်ရေးသားခဲ့သော မဟာသရဏဂုံတော်ကြီးကို လက်တွေ့ပွားများအားထုတ် ကျင့်ကြံနိုင်စေရန် ဆရာကြီး ဦးစိုးမြင့်က သင်တန်းပို့ချပေးမည်ဖြစ်၍ တရားလက်တွေ့ကျင့်ကြံအားထုတ်လိုသူတိုင်း မတ် ၁၃၊၂၀၊၂၇ နှင့် ဧပြီ ၃၊ ၁၀ ရက်(တနင်္ဂနွေနေ့)များတွင် ညနေ ၄နာရီမှ ၅နာရီခွဲအထိ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ရှင်သာမဏေဓမ္မဗိမာန်ဓမ္မာရုံ၌ တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

ကွမ်းခြံကုန်းမြို့ရေပေးဝေရေးစီမံကိန်းလုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးစီမံကိန်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ကွမ်းခြံကုန်းမြို့နေပြည်သူများ ရေကောင်းရေသန့်သုံးစွဲနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး မြို့နေပြည်သူများ၏ စုပေါင်းပါဝင်မှု၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေတို့ဖြင့် မိမိကဦးဆောင်ကာ အကောင်အထည်ဖော်ပေးနေခြင်းဖြစ်ကြောင်း၊ ရေပေးဝေရေးလုပ်ငန်း ဖြစ်မြောက်ရေးကော်မတီအနေဖြင့် သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှသိန်းအောင်က စက်ရေတွင်း စမ်းသပ်တူးဖော်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ရွှေနှင့် အစည်းအဝေး တက်ရောက်လာသူများက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရေတွင်း စမ်းသပ်တူးဖော်ပြီးစီးမှုနှင့် ဆက်လက်တူးဖော်သွားမည့် မြေနေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၉

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအမှတ်(၇၀)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။**(အပေါ်ပုံ)**

ကြည်အောင်(ကေတုမတီ)၊ နေမျိုးသန့်၊ မင်းရဲကျော်၊ တိုးဝေ၊ မောင်စိမ်းနောင်(လယ်ဝေး)၊ တင်လင်းဇော်၊ မင်းသွေးနွယ်(ဇီးကုန်း)၊ပိုနေမြဲ(ဝက်လက်)၊ အောင်ထွန်းလင်း(ချောက်)၊ စောလွမ်းသိမ်း(ရသစာပေ)၊ အဖျောက်မြေမောင်ဆွေမွန်၊ ရွှေဘိုတင်အောင်တို့၏အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ဒေါက်တာမတင်ဝင်း၊ နယဉ်၊ ချစ်နိုင်(စိတ်ပညာ)၊မောင်မောင်လတ်(နှောင်)၊ ဗိုလ်ကလေးတင့်အောင်၊ မြင်းမူမောင်နိုင်မိုး၊ ချစ်ငယ်(ဒဿန)၊ ယုဝတီခင်ဦး၊ အောင်ဇင်၊ စိုးမြင့်ငြိမ်း၊ နီငြိမ်း အညာတက္ကသိုလ်၊ စကုဆွေသစ်၊ မောင်ဆန္ဒ(လယ်ဝေး)၊ မောင်လွမ်းနွယ် (အောင်လံ)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ဒေါ်မြင့်အေး၊ သန်းဝင်းရှိန်၊ မောင်နွယ်သန်း၊ တက္ကသိုလ်စိုးယဉ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ အေးရောမွန်၊ ခင်ကြူကြူတင်၊ မောင်ယဉ်နွယ်၊ မေသုခမေမေ၊ မြခြူးအိမ်၊ မင်းဟိန်းထိပ်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ လှထွင့်ဦး၊ စိုးစံ၊ ဏီမှူးတို့၏ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက်ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ အားကစားကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ ပုံပြင်ကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံ၊ လွိုင်ကော်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူ ရရှိနိုင်ကြောင်းသိရသည်။ **(က-ပ)**

အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့နှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ မူခင်းကျဆင်းရေးနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်က အင်းစိန် ပိန္နဲကုန်းရပ်ကွက်ရုံး၌ ကျင်းပရာ စခန်းမှူး ရဲအုပ်သန်းထွန်းက ဟောပြောစဉ်။

(ဝ၄၆)

တိုက်ဂါး-မြန်မာအပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ၁၈ကျင်းပြိုင်ပွဲဆက်လက်ယှဉ်ပြိုင်

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၅ ခုနှစ် တိုက်ဂါး-မြန်မာအပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ တည်းကုန်းရှိ ရန်ကုန် ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

တတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် ကျော်သီဟက ၇၆+၇၃+၇၅ ချက်နှင့် သိန်းဇော်မြင့်က ၇၃+၇၄+၇၇ ပေါင်း ၂၂၄ချက်စီဖြင့် ပူးတွဲဦးဆောင် ကစားလျက်ရှိသည်။

အောင်ဝင်း (မုံရွာ)က ၇၇+၇၂+၇၆ ပေါင်း ၂၂၅ ချက်ဖြင့် ဒုတိယလိုက်ပြီး ဇော်ဇင်ဝင်းက ၇၂+၇၈+၇၆ ချက်နှင့် ခင်ဇော်ဝင်းက ၇၂+၇၆+ ၇၈ ပေါင်း ၂၂၆ ချက်စီဖြင့် တတိယလိုက်နေကြသည်။

ဦးဆောင်ကစား

၂၀၀၅ ခုနှစ် တိုက်ဂါး-မြန်မာအပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် ပူးတွဲဦးဆောင် ကစားလျက် ရှိ သော သိန်းဇော်မြင့် ယှဉ်ပြိုင်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ယင်းပြိုင်ပွဲ၏ Title Sponsor အဖြစ် Myanmar Brewery Ltd. က အဓိကပံ့ပိုးကူညီပြီး Co-Sponsors များအဖြစ် Air Mandalay Ltd., Dusit Inya Lake Hotel, Ping, Srixon၊, Accel International Co., Ltd. (Canon)နှင့် Popa Aqua Purifid Drinking Water တို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းပြိုင်ပွဲကို မတ် ၁၀ ရက် နံနက် ၈ နာရီတွင် ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်/ စက်မှုအသင်းချုပ်နှစ်ပတ်လည်အစည်းအဝေး တက်ရောက်ရန် မော်တော်ယာဉ်များစီစဉ်ထား

ရန်ကုန် မတ် ၉

မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ၌ မတ် ၁၂ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီ၌ ကျင်းပမည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ အသင်းသားများ တက်ရောက်နိုင်ရန်အတွက် စုရပ်များသတ်မှတ်၍ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားသည်။

အစည်းအဝေးတက်ရောက်ကြမည့်သူများအတွက် ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် ၃၉ လမ်းထောင့်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI သင်တန်းကျောင်းတို့မှ နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မရမ်းကုန်း မြို့နယ် ဂျန်းရှင်းအိတ်(Junction-8) ရှေ့နှင့် အင်းစိန်မြို့နယ် သမိုင်းလမ်းဆုံ အင်းစိန်လမ်း ပဲခူးကားဂိတ်ရှေ့တို့မှ နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း အစည်းအဝေး ကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) သို့ ကြိုပို့ကားများဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၉

မြတ်ရတနာ ဓမ္မသင်တန်းကကြီးမှူး၍ ဗိုလ်တထောင်စေတီတော် ရင်ပြင်အနောက်ဘက်ရှိ ဗုဒ္ဓဘာသာစာသင်ဆောင်၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း(အသက် ၁၃နှစ်အောက်နှင့်အထက်)ကို မတ် ၁၂ ရက်မှ မေ ၁ ရက်အထိ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ၁၀ နာရီခွဲအတွင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကမ္ဘာ တစ်လွှား အားကစား

ချယ်လ်ဆီးတို့ ဘာစီလိုနာကိုနိုင်ပြီး ချန်ပီယံလိဂ်ဖလားမျှော်လင့်နိုင် မန်ယူတို့ ဒုတိယအကျော့၌လည်း အေစီမီလန်ကို ရှုံးပွဲကြုံပြန်

မီလန် မတ် ၉

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များ ဆက်လက်ကျင်းပရာ အေစီမီလန်နှင့် မန်ချက်စတာယူနိုက်တက်တို့ပွဲတွင် အေစီမီလန်က တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး ချယ်လ်ဆီးနှင့်ဘာစီလိုနာတို့ပွဲတွင် ချယ်လ်ဆီးက လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိကာ လိုင်ယွန်နှင့် ဝါဒါဘရီမင်ပွဲတွင် လိုင်ယွန်က ခုနစ်ဂိုး-နှစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သဖြင့် အေစီမီလန်၊ ချယ်လ်ဆီးနှင့် လိုင်ယွန်တို့ ချန်ပီယံလိဂ်ဖလားအတွက် မျှော်လင့်စရာအခြေအနေကောင်းနှင့် ကြုံတွေ့ရပြီဖြစ်သည်။

အေစီမီလန်နှင့် မန်ချက်စတာယူနိုက်တက်

ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်၌ အေစီမီလန်ကို အနိုင်ကစားမည်ဟု ကြုံးဝါးထားသော နာမည်ကြီး မန်ချက်စတာယူနိုက်တက်အနေဖြင့် အေစီမီလန်ကွင်း၌ ဒုတိယအကြိမ်ရှုံးပွဲနှင့်ပင် ရင်ဆိုင်ခဲ့ရပြန်သည်။

မန်ချက်စတာယူနိုက်တက်က ယခုပွဲတွင် လူစုံထုတ်ပြီး ကစားခဲ့သည်။ ရှေ့တန်းတွင် နစ္စတယ်ရွိုင်းနှင့် ရွန်းနေးတို့ထားကာ ရိုနယ်ဒို၊ ပေါလ်စခိုး၊ ရွိုင်ကိန်းနှင့် ရွိုင်ယန်ဂစ်တို့ကို အလယ်နှင့် တောင်ပံများတွင်ထားပြီး ကစားစေခဲ့သည်။

အေစီမီလန်က ရှေ့တန်းတွင် ဟာနန်ခရက်စပို၊ ဆီးဒေါ့ဖ်၊ ကောစတာနှင့် ပီယာလိုတို့ကိုထားပြီး ကာကာ၊ ဂတ်တူဆို၊ ဂျပ်စတမ်း၊ နက်စတာ၊ မာဒီနီနှင့် ကာဖူးတို့အားလုံးကို လူစုံပွဲထုတ်ကစားသည်။

ပွဲကစားသည်နှင့် မန်ယူအသင်း လျင်လျင်မြန်မြန် ကစားနိုင်ပြီး

ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့်ဘာစီလိုနာတို့ ကစားသည့်ပွဲတွင် ချယ်လ်ဆီးမှလမ်းပတ်က ဘာစီလိုနာဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ကွင်းလယ်မှ ပေါလ်စခိုးနှင့် ရွိုင်ကိန်းတို့က ဘောလုံးဖြန့်ဝေပေးနိုင်သော်လည်း ရှေ့တန်းမှ နစ္စတယ်ရွိုင်းနှင့်ရွန်းနေးတို့ အေစီမီလန်နောက်တန်းကို မကျော်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ အေစီမီလန်က မန်ယူတိုက်စစ်ကို ဟန့်တားရင်းပြန်လည်ထိုးဖောက်ကစားကာ ဂိုးရရှိရေးကြိုးစားသော်လည်း မန်ယူဂိုးသမား တင်ဟောင်းဝပ်လက်စွမ်းပြကာကွယ်နိုင်မှုများကြောင့် ပထမပိုင်း၌ ဂိုးမရှိဘဲ ဖြစ်ခဲ့ရသည်။

ဒုတိယပိုင်းပွဲချိန် ၆၂မိနစ်တွင် အေစီမီလန်တိုက်စစ်မှူး ဟာနန်ခရက်စပိုက အဖွင့်ဂိုးသွင်းယူခဲ့သဖြင့် မန်ယူတို့ချေပဂိုးရရှိရေး အသည်းအသန်ကြိုးစားသော်လည်း ရိုနယ်ဒို၊ ဂစ်၊ ရွန်းနေးနှင့် နစ္စတယ်ရွိုင်းတို့ ဆန္ဒစောနေမှု၊ အဆုံးသတ်မပိုင်နိုင်မှုတို့ကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မန်ယူသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်၌ နှစ်ပွဲကစား နှစ်ပွဲရှုံးဖြင့် ပြိုင်ပွဲမှ ထွက်ရပြီဖြစ်သည်။

ချယ်လ်ဆီးနှင့်ဘာစီလိုနာ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို အိမ်ကွင်းစတမ်းဖို့ဘရစ်၌ ချယ်လ်ဆီးတို့ အနိုင်ကစားနိုင်ခဲ့သည်။ ပထမအကျော့အဝေးကွင်း၌ ဘာစီလိုနာကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့ရသည်ကို အိမ်ကွင်း၌ ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သည်။

ချယ်လ်ဆီးအနေဖြင့် အားထားရသော ရော်ဘင်မပါရှိသော်လည်း ကက်ဇ်မန်း၊ ဂတ်ဂျွန်ဆင်၊ မာကီလီလီ၊လမ်းပတ်၊ ဒပ်ဖ်၊ ဂျိုကိုးလ်၊ ဂျွန်တယ်ရီနှင့် ကာဗယ်လ်ဟိုစသည်တို့ဖြင့် ပွဲထုတ်ကစားခဲ့သည်။ ချယ်လ်ဆီးက အိမ်ကွင်းအနိုင်ရလိုစိတ်ပြင်းပြင်းဖြင့် ပွဲစသည်နှင့် ထိုးဖောက် တိုက်စစ်ဆင်ကစားရာ ၈မိနစ်မှာပင် ဂတ်ဂျွန်ဆင်က စောစီးစွာအဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ၁၇မိနစ်တွင် လမ်းပတ်က ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ ချယ်လ်ဆီး၏ တိုက်စစ်ဆင်ထိုးဖောက်မှုကြောင့် ဘာစီလိုနာနောက်တန်း မထိန်းနိုင်ဘဲ ၁၉မိနစ်တွင် ဒပ်ဖ်က တစ်ဂိုးထပ်မံသွင်းယူခဲ့ပြန်သဖြင့် ၁၉မိနစ်အတွင်းမှာပင် ချယ်လ်ဆီးတို့ သုံးဂိုးပြတ်သွင်းပြီး ဦးဆောင်နေခဲ့သည်။

ဘာစီလိုနာအသင်း၏ ချေပဂိုးကို ၂၇မိနစ်တွင် ရော်နယ်ဒင်ဟိုက သွင်းယူပေးပြီး ဒုတိယချေပဂိုးကို ၃၉မိနစ်တွင် ရော်နယ်ဒင်ဟိုကပင် ထပ်မံသွင်းယူပေးခဲ့သည်။ ဘာစီလိုနာတို့ ချေပဂိုးနှင့် အနိုင်ဂိုးရရှိရေးကြိုးစားသော်လည်း ၇၇ မိနစ်တွင် ချယ်လ်ဆီးမှ ဂျွန်တယ်ရီက တစ်ဂိုးထပ်မံသွင်းယူသဖြင့် ချယ်လ်ဆီးက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်နောက်တစ်ဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

လိုင်ယွန်နှင့် ဝါဒါဘရီမင်

လိုင်ယွန်ကွင်း စတက်ဒီဒီဂါလန်တွင် ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်၌ လိုင်ယွန်တို့ ခုနစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့ရာ ပထမအကျော့အဝေးကွင်း၌လည်း အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲကစား နှစ်ပွဲစလုံးအနိုင်ရရှိခဲ့သည်။ လိုင်ယွန် အသင်းနှစ်ပွဲပေါင်း ၁၀ဂိုး-နှစ်ဂိုးဖြင့် ချန်ပီယံလိဂ် နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

(အင်တာနက်)

ပရီမီယာလိဂ်ချယ်လ်ဆီးဦးဆောင်ဆဲ မန်ယူသရေကျ၍ ရှစ်မှတ်ကွာသွားပြီ

လန်ဒန် မတ် ၈

အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို စနေနေ့ကကျင်းပရာ ချယ်လ်ဆီးအသင်းက နော့ဝှစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ဖယောင်းထိပ်ဆုံးမှ ဆက်လက်ရပ်တည်လျက်ရှိသည်။

ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးများကို ဂျိုကိုးလ်က ၂၂ မိနစ်တွင်လည်းကောင်း၊ ကက်ဇ်မန်းက ၇၁မိနစ်တွင်လည်းကောင်း၊ ရီကာဒိုကာဗယ်ဟိုက ၇၉ မိနစ်တွင် လည်းကောင်း အသီးသီးသွင်းပေးခဲ့သည်။ နော့ဝှစ်အသင်းအတွက် လီယွန်မိုက်ကင်ဇီက ၆၄ မိနစ်တွင် တစ်ဂိုးချေပနိုင်ခဲ့သည်။

ဦးဆောင်နေဆဲ

ချယ်လ်ဆီးအသင်းသည်ပရီမီယာလိဂ် ပွဲစဉ်(၂၈)အပြီး ၇၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေဆဲဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်သင်းတို့သည် ခရစ္စတယ်ပဲလေ့စ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ ပွဲသိမ်းခဲ့ကြရသည်။

ပွဲစသည်နှင့် မန်ချက်စတာယူနိုက်တက်မှ နစ္စတယ်ရွိုင်း၊အလန်စမစ်၊ ရွိုင်ကိန်း၊ ရွိုင်ယန်ဂစ်စသောတိုက်စစ်မှူးများက ဂိုးရရှိရေးအတွက် အကြိတ်အနယ် ကြိုးစားခဲ့ကြသည်။



ထိုးဖောက်

မန်ချက်စတာယူနိုက်တက်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် မန်ချက်စတာယူနိုက်တက် တိုက်စစ်မှူး ရွန်းနေး ထိုးဖောက် ကစားမှုကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မထိုးဖောက်နိုင်

ခရစ္စတီယာနို ရိုနယ်ဒို၊ပေါလ်စခိုး၊ ရွန်းနေးစသော လူငယ်ခြေသွက်များ လူစားလဲ ကစားခဲ့သော်လည်း ခရစ္စတယ်ပဲလေ့စ်၏နောက်တန်းကို မထိုးဖောက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ၂၉ ပွဲကစားရာတွင် ၆၃ မှတ်ဖြင့် ချယ်လ်ဆီးအသင်းနောက်မှ လိုက်နေသည်။ ချယ်လ်ဆီးက ရှစ်မှတ်အသာ ရရှိထားသည်။

အာဆင်နယ်အသင်းနှင့် ပို့စ်မောက်အသင်းတို့ ဟိုက်ဘူရီကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်က သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

တတိယနေရာလိုက်နေ

အာဆင်နယ်အသင်းအတွက်အနိုင်ဂိုးများကို သီယာရီဟင်နရီက သုံးဂိုးစလုံး (ဟက်ထရစ်) သွင်းပေးခဲ့သည်။ အာဆင်နယ်အသင်းသည် ၆၁ မှတ်ဖြင့် တတိယနေရာမှ လိုက်နေသည်။

အက်စ်တွန်ဗီလာ အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် အက်စ်တွန်ဗီလာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ဖူဟမ်နှင့် ချာလ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင်လည်း ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့ကြရသည်။

နယူးကာဆယ်အသင်းနှင့်လီဗာပူးအသင်းတို့ စိန့်ဂျိမ်းပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ နယူးကာဆယ်က တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ လီဗာပူး အသင်းသည် ပြီးခဲ့သော သီတင်းပတ်က ကားလင်းဖလား ဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ဒုတိယအကြိမ်အရှုံးဖြင့် ရင်ဆိုင်ရခြင်း ဖြစ်သည်။

လီဗာပူးအသင်းသည် ချယ်လ်ဆီးလိုအသင်းကြီးမျိုးကို ထိန်းကစားနိုင်ပြီး ပြန်လည်တိုက်စစ်ဆင်နိုင်ခဲ့ကြောင်း တွေ့ရသည်။

အနိုင်ရခဲ့

ဆောက်သမ်ပတန်အသင်းနှင့် တော့တင်ဟမ်အသင်းတို့ စိန့်မာရီကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဆောက်သမ်ပတန်အသင်းက အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

(အင်တာနက်)

ရွှေမြင့်မိုရ် ဆရာတော် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၉

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇနဟိတရောဘွဲ့သောဘဏ(ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) သည် တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မတ်၁၈ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈သို့ ဖြစ်စေ မတ်၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တနင်္သာရီတိုင်းသည် ရော်ဘာစိုက်ပျိုးရန်မြေနှင့်အခြေခံကောင်းများ အပြည့်အဝရှိပြီးဖြစ် တစ်နှစ်ထက်တစ်နှစ် စိုက်ကေပိုမိုစိုက်ပျိုး ဖြစ်ထွန်းအောင်မြင်ရေး ဆောင်ရွက်ရန်မှာကြား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ရော်ဘာစိုက်ပျိုးမည့် ဘုတ်ပြင်းမြို့နယ် ပါဝယ်ကျွန်းတွင်စစ်ဆေး

ရန်ကုန် မတ် ၉

တနင်္သာရီတိုင်း မြိတ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မတ် ၆ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း ရော်ဘာစိုက်ဧကနှစ်သိန်းပြည့်မီရေးအတွက် ရော်ဘာစတင်စိုက်ပျိုးမည့် ဘုတ်ပြင်းမြို့နယ်ရှိ ပါဝယ်ကျွန်းသို့ အမြန်ရေယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ပါဝယ်ကျွန်းရှိ Ever Green Co, ရော်ဘာစိုက်ခင်းရှင်းလင်းဆောင်၌ ကုမ္ပဏီမှ ယာယီတာဝန်ခံ ဦးချစ်ရှိန်က Ever Green Co, အနေဖြင့် ရော်ဘာပင်များကို စိုက်ပျိုးရန် ကျွန်းစုမြို့နယ်ရှိ ကန်မော်ကျွန်း၌ ဧက၂၀၀၀၀နှင့် ဘုတ်ပြင်းမြို့နယ်ရှိ ပါဝယ်ကျွန်း၌ ဧက၁၅၀၀ခွင့်ပြုချက်ရရှိထားပြီး ကန်မော်ကျွန်း၌ ဧက၅၀၀၊ ပါဝယ်ကျွန်း၌ ဧက ၅၂၀ တောခုတ်ရှင်းလင်းပြီးစီးမှု၊ လာမည့်မိုးကာလ၌ ကန်မော်ကျွန်း၌ ဧက၂၀၀၀နှင့် ပါဝယ်ကျွန်း၌ ဧက၅၀၀ကို စတင်စိုက်ပျိုးမည်ဖြစ်ပြီး၂၀၀၅ခုနှစ် ဇွန်တွင် အပြီးစိုက်ပျိုးသွားရန် စီမံထားရှိမှု၊ ရော်ဘာပင်များကို စိုက်ပျိုးရာ၌ မျိုးကောင်းမျိုးသန့် ရော်ဘာများဖြစ်သည့် တစ်ဧကလျှင် ပေါင်၁၂၀၀ထွက်ရှိသည့် PB-311 မျိုးပင်၅၀၀၀၀၊ တစ်ဧကလျှင် ပေါင်၁၅၀၀ ထွက်ရှိသည့် PB-251 မျိုးပင်၅၀၀၀၀နှင့် တစ်ဧကလျှင် ပေါင်၁၂၀၀ ကျော်ထွက်ရှိသည့် BPM-24 မျိုးပင် ၂၀၀၀၀တို့ကို ဝယ်ယူရရှိ၍ ပျိုးထောင်ထားရှိမှုနှင့် လိုအပ်သော ရော်ဘာမျိုးပင်များကို ဆက်လက်ဝယ်ယူပျိုးထောင်မည့် အခြေအနေနှင့် ရော်ဘာပင်များကို နည်းစနစ်တကျ စိုက်ပျိုး၍ ကြားသီးနှံအဖြစ် တောင်ယာစပါးများကို စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တနင်္သာရီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးခွန်ရွှေသင်းက တနင်္သာရီတိုင်း၌ ရော်ဘာစိုက်ပျိုးမှုကို လက်ရှိဧက ၁၀၈၀၀ကျော် စိုက်ပျိုးပြီးစီး၍ ဧက ၂၀၀၀၀၀ ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရန် မြေနေရာရှာခြင်း၊ စီးပွားဖြစ်စိုက်ပျိုးမည့် ရော်ဘာတောင်သူနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ရှာဖွေစည်းရုံးခြင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ရော်ဘာစိုက်ပျိုးသူများလိုက်နာရမည့် အချက်များနှင့် ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာ၌ ရော်ဘာသည် ပြည်ပ၌ ဝယ်လိုအားကောင်းနေသဖြင့် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးရန် အခွင့်အလမ်းကောင်းနေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဦးတည်၍ ရော်ဘာတိုးချဲ့စိုက်ပျိုးရေးကို အထူးတွန်းအားပေးလျက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း။

တိုးချဲ့စိုက်ပျိုး

တနင်္သာရီတိုင်းသည် ရော်ဘာစိုက်ပျိုးရန် အခြေခံကောင်းများ အပြည့်အဝရှိပြီး စိုက်ပျိုးရန် မြေဧကလည်း အလျှံအပယ်ရှိနေကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းကို သုံးနှစ်အတွင်း ရော်ဘာဧက၂၀၀၀၀၀ ပြည့်မီစေရန် ရော်ဘာစိုက်တောင်သူများအား တိုးချဲ့စိုက်ပျိုးရန်နှင့် စီးပွားဖြစ်စိုက်ပျိုးလိုသော ပုဂ္ဂလိကကုမ္ပဏီများကိုလည်း မြေနေရာများချမှတ်ပေး၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ယခုပါဝယ်ကျွန်းနှင့် ကန်မော်ကျွန်းတို့၌ ရော်ဘာစိုက်ပျိုးရန် မြေနေရာယူထားသော ကုမ္ပဏီများအနေဖြင့် ရော်ဘာကို စနစ်တကျဖြင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးသွားရန်ဖြစ်ကြောင်း၊ ထို့အတူဒေသ၏ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးဆောင် ရွက်ပေးကြစေလိုကြောင်း။

ရော်ဘာစိုက်ခင်းများ၌ မီးတားလမ်းများလုံလောက်စွာ ထားရှိရန်နှင့် ကုန်ထုတ်လမ်းများကိုလည်း ကြိုတင်စီမံထားရှိရန် ဖြစ်ကြောင်း၊ ရော်ဘာပင်များကို တစ်နှစ်ထက်တစ်နှစ်ဧက ပိုမို စိုက်ပျိုးခြင်းဖြင့် ပုဂ္ဂလိကအကျိုးနှင့် နိုင်ငံအကျိုးကို ဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရော်ဘာကိုင်းကူးပျိုးပင်များ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(အပေါ်ဝဲပုံ) (သတင်းစဉ်)**

ကြိုးနှစ်စ ဇာတ်ကားသစ် သုံးရုံ အပြိုင်ဝင်လာ ပုဂံပြည်မှ ပန်းနံ့သာဇာတ်ကားဆက်လက်ပြသလျက်ရှိ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မတ် ၉

ယခုသောကြာပတ်တွင် ကြိုးနှစ်စ ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် အပြိုင် ရုံဝင်လာသည်။

ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးပြီး ဒွေး၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသော **ကြိုးနှစ်စ** ဇာတ်ကားတွင် ကိုအောင်ဇော်(ဒွေး)သည် မန္တလေးမြို့မှ သန္တာအောင်(တင့်တင့်ထွန်း)နှင့် ချစ်ကြိုက်ပြီး လက်ထပ်ခဲ့သည်။ ကွန်ပျူတာ လုပ်ငန်းချဲ့ထွင်ရန် ရန်ကုန်သို့ပြောင်းရွှေ့လိုသည့် ကိုအောင်ဇော်နှင့် စီးပွားရေးကို ဇောက်ချ၍ အချိန်ပြည့်လုပ်ကိုင်နေတတ်သော မသန္တာအောင်တို့၏ လွန်ဆွဲပြိုင်နေသည့် အိမ်ထောင်ရေးမှာ မာနကိုယ်စီကြောင့် တင်းလွန်း၍ ပြတ်တောက်ခဲ့ရသည်။

ကိုအောင်ဇော်သည် ရန်ကုန်မြို့တွင် စီးပွားရေးလုပ်ငန်း တိုးချဲ့ရင်း မေဉာဏ (အိန္ဒြာကျော်ဇင်)နှင့် တွေ့ဆုံခဲ့သည်။ မေဉာဏ၏ သွက်လက်ဖျတ်လတ်ပြီး ချစ်စဖွယ် အပြုအမူတို့ကြောင့် သံယောဇဉ်မဲ့နေသော ကိုအောင်ဇော်၏ရင်ကိုစ,တိုးဝင်လာသလို နွဲ့ဆိုးဆိုးတတ်သော မေဉာဏသည် ကိုအောင်ဇော်ကို အားကိုးတွယ်တာစရာ ဖြစ်ခဲ့ရသည်။ ကိုအောင်ဇော်နှင့် မေဉာဏတို့သည် ကွန်ပျူတာလုပ်ငန်းအတွက် ကြိုးစားရင်း အထီးကျန်ဆန်သော ဘဝတူချင်း သံယောဇဉ်ကြိုး ရစ်ပတ်ချည်နှောင်လာခဲ့သည်။ ထိုအချိန်တွင် မသန္တာအောင်တွင်လည်း ကိုအောင်ဇော်နှင့် ကွာရှင်းပြီးမှ ကိုယ်ဝန်ရှိနေကြောင်း သိရှိလိုက်ရ သောအခါ မာနကို ရှေ့တန်းတင်ကာ အိမ်ထောင်ရေး လွန်ဆွဲ ပြိုင်ပွဲတွင် ပြတ်တောက်ခဲ့ရ သည့် ကြိုးတစ်စ။ ထိုကြိုးနှစ်စတွင် ကိုအောင် ဇော်ကို မည်သည့်ကြိုးက ပို၍ ချည်နှောင်နိုင်မလဲ ဆိုသည် ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် အိမ်ထောင်ရေး ပညာပေး ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

ဒါရိုက်တာ မောင်မောင်ဦး (စနိုးပိုက်)ရိုက်ကူးပြီး နိုင်းနိုင်း၊ နန္ဒာလှိုင်တို့ ခေါင်းဆောင် ပါဝင်ထားသော ပုဂံအလှ သဘာဝကို နောက်ခံထားကာ မြန်မာ့ယဉ်ကျေးမှုကို ဖော်ကျူးထားသည့် **ပုဂံပြည်မှပန်းနံ့သာ** ဇာတ်ကား ရွှေဆောင်ရုံတွင် ဆက်လက်ပြသလျက် ရှိသည်။

ဒါရိုက်တာ Jon Turteltaub ရိုက်ကူးပြီး သရုပ်ဆောင် Nicolas Cage၊ Harvey Keitel၊ Jon Boight၊ Diane Kruger၊ Sean Bean ပါဝင်ထားသည့် **National Treasure**"ဇာတ်ကားနေပြည်တော်ရုံတွင် တင်ဆက်ပြသထားသည်။

ရွှေဂုန်ရုံမြေညီထပ်တွင် ဒါရိုက်တာ မိုက်တီး၏ ရိုက်ချက်ဖြင့် ကျော်ဟိန်း၊ လွင်မိုးနှင့် ခိုင်သင်းကြည်တို့ ပါဝင်ထားသော **အဖေ** ဇာတ်ကားပြသလျက် ရှိသည်။ ဤဇာတ်ကားသည်မိဘတိုင်းက သားသမီးအပေါ် ထားရှိသော မေတ္တာတရား ကြီးမား ပုံကို ဖော်ကျူးရိုက်ကူးထားသည်။ အပေါ်ထပ်တွင် Shan Rukh Khan ပါဝင်ထားသည့် **Chamatkar** ဇာတ်ကားပြသလျက်ရှိသည်။ မြို့မရုံတွင် Suniel Shetty၊ Jackie Shroff၊ Dino Morea တို့ပါဝင် ထားသော အကယ်ဒမီဆုရ အိန္ဒိယ ဇာတ်ကားသစ် **Baaz** ရုံဝင်လာသည်။



'အဖေ'ဇာတ်ကားမှ လွင်မိုးနှင့် ခိုင်သင်းကြည်။

လရောင်နမ်းတဲ့ အလွမ်းသစ်ပင်

မြန်မာ၊ ဂျပန်အနုပညာပူးပေါင်းဖလှယ်မှုဖြင့် မင်းခိုက်စိုးစန်၏ ဇာတ်ညွှန်းကို ဒါရိုက်တာ စင်ရော်မောင်မောင် ခံစားတင်ပြသည့် **လရောင်နမ်းတဲ့ အလွမ်းသစ်ပင်** အင်္ဂလိပ်စကားပြော မြန်မာစာတန်းထိုးဒီဗွီဒီ ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။ ဂျပန်မင်းသား Michita Nagatsuka၊ ထွန်းအိန္ဒြာဗို၊ ညွန့်ဝင်းနှင့် နှင်းဆီတို့ ပါဝင်ပြီး ဂျပန်နိုင်ငံတွင် ရိုက်ကူးထားသည့် **လရောင်နမ်းတဲ့ အလွမ်းသစ်ပင်** ဇာတ်ကားကို မကြာမီ စံပြ၊ ရွှေမန်း၊ နဝဒေး၊ သီတာနှင့် မြရတနာရုံများတွင် ရုံဝင်လာမည် ဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

ပုဂံပြည်မှ ပန်းနံ့သာ

'ပုဂံပြည်မှပန်းနံ့သာ'ဇာတ်ကားမှ နိုင်းနိုင်းနှင့် နန္ဒာလှိုင်။

ကြိုးနှစ်စ

'ကြိုးနှစ်စ'ဇာတ်ကားမှ ဒွေးနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။

ရွှေပေါက်ပင်တောရ စုပေါင်းမဟာအလှူတော်

ရန်ကုန် မတ် ၉

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ရွာဘဲနယ်မြေရှိ ရွှေပေါက်ပင်တောရကျောင်းတိုက်၌ ရွှေပေါက်ပင်ဆရာတော်ဦးစီး၍ စတုတ္ထအကြိမ် စုပေါင်းမဟာအလှူပွဲတော်ကြီးကိုမတ်၁၈ရက်မှ ၂၄ရက် (တပေါင်းလဆန်း၈ရက်မှ တပေါင်းလပြည့်နေ့)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလှူပွဲတော်ကြီးတွင် စုပေါင်းရဟန်းခံရှင်ပြုပွဲ၊ အောင်စေတီအုတ်မြစ်ချပွဲ၊ မဟာပဋ္ဌာန်းပူဇော်ပွဲ၊ သစ်သီးဆွမ်းကပ်လှူပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်တို့ကို ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် ရွှေပေါက်ပင်သာသနာပြုအဖွဲ့ ပြည်မြို့ ဖုန်း-၀၅၃-၂၄၂၆၁သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဘောက်ထော်မက်သဒစ်၊ ယခင် အလက(၂)သင်္ဃန်းကျွန်း ယခု အထက(၂)သင်္ဃန်းကျွန်း ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အငြိမ်းစားယူပြီး အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား တပည့်များမှ ပူဇော်ကန်တော့လိုပါ၍ ကိုယ်တိုင်ကြွရောက် အပူဇော်ခံချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေရပ်လိပ်စာ ပြောင်းရွှေ့သွားသော ဆရာကြီး၊ ဆရာမကြီးများသည် အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းတင် ဖုန်း–၅၇၇၉၄၆သို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

ကျင်းပမည့်နေ့ – **၂၆–၃–၂၀၀၅(စနေနေ့)**
ကျင်းပမည့်အချိန် – **နံနက်(၉း၀၀)နာရီ**
ကျင်းပမည့်နေရာ – **အထက(၂)သင်္ဃန်းကျွန်း၊သပြေညိုခန်းမ**

ကျောင်းသူကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့။



မီးဘေးအန္တရာယ် အစဉ်သတိပြုကြကွယ်

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက် ၉၊ အခန်း ၂၀၃–၂၀၄နေ
စာရေးဆရာချစ်စံဝင်း–ဒေါ်မော်မော်(လမင်းအိမ်)
တို့၏သားလတ်

မောင်နေလတ် M.B.,B.S (Ygn)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီရိပ်သာ၊ ခြံအမှတ် ၂၃(စီ)နေ
ဒေါက်တာဦးခွန်အောင်–ဒေါက်တာဒေါ်ခင်မြဇင်
တို့၏သမီးကြီး

မသန္တာခွန်အောင် M.B.,B.S (Ygn)

တို့၏ ၂၃–၂–၂၀၀၅ရက် သုခဝတီနေအိမ်တွင်ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော လူကြီးမင်းများအားလည်းကောင်း၊ ၅–၃–၂၀၀၅ရက် Sedona Hotelတွင်ကျင်းပသော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ရန်ကုန်ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဦးမျိုးမြင့်နှင့်ဇနီး သမားတော်ကြီး ဒေါက်တာဒေါ်တင်တင်အောင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော ရင်ခေါင်းခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ ဒေါက်တာဦးခင်မောင်အေးနှင့် ဇနီး ဒေါ်တင်လှိုင်တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမိဘများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးပါသော ဦးထွန်းထွန်းဦးနှင့် ဒေါ်မာမာ (Jewel Rock)၊ အစစအရာရာ အဆင်ပြေချောမွေ့အောင် ကူညီချီးမြှင့်ပေးသော ဦးခင်မောင်ဦး (ရွှေဘဲစားသောက်ဆိုင်)မန်နေဂျာများနှင့် ဝန်ထမ်းများ၊ စိမ်းလန်းစိုပြည်ဥယျာဉ်(အင်းလျားလမ်း)တွင်ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော မိတ်ဆွေမျိုးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နိုင်ငံရပ်ခြားမှ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲသို့ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေလတ်–မသန္တာခွန်အောင်။

မင်္ဂလာဦးဆုတောင်း

ချစ်သူငယ်ချင်း နေလတ်နှင့် သန္တာခွန်အောင်တို့၏ ၅–၃–၂၀၀၅ရက် မင်္ဂလာဦးမှသည် နှစ်တစ်ရာတိုင် သာယာခိုင်မြဲသောခရီးကို အတူလက်တွဲလျှောက်လှမ်းနိုင်ပါစေ။

ချစ်သူငယ်ချင်းများ

ဒေါက်တာမျိုးမင်းဦး၊ ဒေါက်တာဥက္ကာသန်း၊ ဒေါက်တာမင်းမင်းတူး၊ ဒေါက်တာအေးအောင်ဖြိုး၊ ဒေါက်တာဖေယျာမြင့်၊ ဒေါက်တာတင်သစ္စာလွင်၊ ဒေါက်တာနေနွယ်အောင်၊ ဒေါက်တာဝင်းနွဲ့နွဲ့သူ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်းတွင် အမှတ် ၅၈/က သာယာရွှေပြည်လမ်း ပြည်သာယာ ရိပ်သာနေ ဒေါ်တင်မိုးလွင်၏ ကိုယ်စား အလှူငွေကျပ်တစ်သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

(၂၄)ကြိမ်မြောက် ဒိုက်ဦးမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အသင်းအမှုဆောင်အဖွဲ့သစ် ပြန်လည်ဖွဲ့စည်းပွဲကို ဖေဖော်ဝါရီ ၂၀ရက်က အသင်းရုံး၌ကျင်းပရာ ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးဘဝင်း(ငြိမ်း)နှင့် အမှုဆောင်များအား တွေ့ရစဉ်။

(က–ပ)

မော်ကျွန်းမြို့မအလက ဒုတိယအကြိမ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၉

ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်း (ယခင် ညောင်တုန်းကျောင်း)၏ သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲကို လာမည့် ဧပြီ၂ရက်(စနေနေ့)ညနေ၄နာရီတွင် ကျင်းပမည်ဖြစ်ရာ မြို့မအလယ်တန်းကျောင်းသို့ ကြွရောက်ပူဇော်ကန်တော့ခံကြပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် ဦးမောင်ကို (အဝေရာပရဆေးဆိုင်) ဖုန်း–၀၄၅–၂၁၅၄၁၊ ဦးအောင်မြတ်ထွန်း ဖုန်း–၀၉–၅၀၁၄၂၃၂၊ ဦးကျော်ကျော်ဦး ဖုန်း–၀၉–၅၀၁၆၇၆၉နှင့် ဦးဘုန်းညွန့်ကို ဖုန်း–၅၇၈၃၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ ရှေးဟောင်း သမိုင်းဝင် စိန္တာမုနိ စေတီတော် ပရဝဏ် အတွင်း၌ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ ဂြိုဟ်တိုင် (၁၂) ခု ပန္နက်တော်တင်နှင့် ရတနာ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က ဘုရားရင်ပြင်တော်၌ ကျင်းပရာ ဘုရားကြီးသြဝါဒါစရိယဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ(စဥ့်ကူဆရာတော်)နှင့် စဥ့်ကူမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဘဒ္ဒန္တ ကောသလ္လဆရာတော်က အုတ်မြစ်စီမင်္ဂလာကျင်းပစဉ်။(က-ပ)

တိပိဋကနိကာယ သာသနာပြုဥပဇ္ဈာကအဖွဲ့ကြီးမှူး ဆွမ်းဆန်တော် ရေစက်ချပွဲနှင့်သိက္ခာထပ်မင်္ဂလာကျင်းပ

ကညွတ်ကွင်း မတ် ၁

ဖြူးမြို့နယ် ညောင်ပင်သာမြို့တွင် ညောင်ပင်သာဒေသလုံးဆိုင်ရာ တိပိဋကနိကာယ သာသနာပြု ဥပဇ္ဈာကအဖွဲ့က ကြီးမှူးကျင်းပသော မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်အတွက် ဆွမ်းဆန်တော် ရေစက်ချတရားပွဲ၊ တိပိဋကဆရာတော်အရှင်သုမြတ်ဘဒ္ဒန္တ ဣန္ဒပါလအား သိက္ခာထပ်မင်္ဂလာပွဲနှင့် ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်ည ၇နာရီတွင် ဇေတဝိဟာရ ဓမ္မသဘင်မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ပင်သာဒေသလုံးဆိုင်ရာ တိ-နိသာသနာပြုဥပဇ္ဈာကအဖွဲ့နှင့်ဓေတလုပ်ငယ်များအဖွဲ့တို့က ကြီးမှူး၍ (၆)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော် အရှင်မြတ်လေးပါးအားရဟန်းခံ သိက္ခာထပ် မင်္ဂလာ ကျင်းပခြင်း၊ ကျေးဇူးတော်ရှင်မင်းကွန်း တိပိဋကဆရာတော်ကြီး၏ တည်ထောင်တော်မူခဲ့သော မင်းကွန်း၊ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်ကြီးတွင် ပိဋက(၁)ပုံ၊(၂)ပုံ၊(၃)ပုံဆောင် တိပိဋကလောင်းလျာတို့အား ထာဝရဆွမ်းတစ်နေ့ဆွမ်း ပဒေသာပင် ၁၈ပင်လှူဒါန်းခြင်း၊ ဆွမ်းဆန်တော်အိတ် ၃၀၀ကျော်နှစ်စဉ်လှူဒါန်းခြင်း ရေစက်ချတရားတော်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ၁၉ရက်မှ ၂၂ရက်အထိ ကျင်းပကြောင်း သိရသည်။ **(၁၇၆)**

မတ်၄ရက်က သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများ သောက်သုံးရေဖူလုံစေရေးအတွက် ဦးဘလှမောင်-ဒေါ်စန်းမြင့် အထက(၁) သာကေတ အထက်တန်းပြဆရာမ မိသားစုက အဝီစိစက်ရေတွင်းတူးရန် အလှူငွေကျပ်ခြောက်သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သစ္စာလေးပါးတရား ဟောကြား ပြသမည်

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်(၂)ရပ်ကွက် သဇင်ရေကျော် မိုးကုတ်ဓမ္မရိပ်သာ သာသနာပြုဓမ္မကထိက ဓမ္မာစရိယ အရှင်ပဏ္ဍဝံသနှင့် အရှင်ကောသလ္လ အရှင်သူမြတ်တို့သည် တပေါင်းလဆန်း ၃ ရက်မှ ၉ ရက်အထိမြောင်းမြမြို့နယ်ကွမ်းခြံကြီးကျေးရွာ၊ တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်ကျော် ၅ရက်အထိ လပွတ္တာမြို့နယ်လပွတ္တာလုပ်ကျေးရွာ၊ လပြည့်ကျော်၇ရက်မှ၁၃ရက်အထိ၊ ဆွာမြို့နယ်ခင်တန်းလေးကျေးရွာတို့တွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့နေ ဦးဝင်းမောင်တင်-ဒေါ်သန်းအေး၊ သမီး မဆွေဆွေဝင်း (ET) မိသားစုက ဆေးပဒေသာပင်အတွက်မတည်ငွေကျပ်ငါးသိန်းကို ဓေယျဝံသပရိယတ္တိစာသင်တိုက် သိမ်တော်ကြီးလမ်း ၃ရပ်ကွက် ပုသိမ်မြို့ရှိ ကရုဏာလူမှုကူညီရေးအသင်းသို့ လှူဒါန်းရာ နာယကဦးစိုင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၄ရက်က ပြည်မြို့နယ် တလုတ်ပင်ကျေးရွာအုပ်စုရုံးခန်းမ၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးတင်ဇော်ဝင်းက ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်စိုးထံ ပေးအပ်စဉ်။ (၄၀၃)

စလင်းမြို့နယ်တွင် ကျေးလက်စာကြည့်တိုက်ဖွင့်

စလင်း ဖေဖော်ဝါရီ ၂၈

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ မကွေးတိုင်း စလင်းမြို့နယ်ဆိပ်ကြီးရွာတွင် ဆိပ်ကြီးပညာမွန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကိုဖေဖော်ဝါရီ၁၀ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မြင့်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူးဦးခင်မောင်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အလားတူပင် စမ်းတွင်းကျေးရွာတွင် စမ်းဧရာစာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမှတ် ၆၀၃ ပြည်လမ်း ကမာရွတ်မြို့နယ်နေ ဦးဇော်မြင့်(မြိတ်)-ဒေါ်အိန်ကြည်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးခေါင်းဆောင် စာရေးဆရာမဒေါ်သန်းမြင့်အောင်(အမျိုးသားစာပေဆုရ)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ငပုတောမြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်း

ငပုတော ဖေဖော်ဝါရီ ၂၈

ငပုတောမြို့နယ် နွေစပါးစံကွက် ရိတ်သိမ်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ဟင်းအိုးချောင်းကျေးရွာအုပ်စုတောင်သူဦးထွန်းလှိုင်၏ ရွှေသွယ်ရင် နွေစပါး စိုက်ခင်းတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဌေးကျော်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်ဦးနှင့် မြို့နယ်မြေစာရင်းဦးစီးမှူးဦးအောင်ကျော်မြင့်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ မန်ဟာကြူးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြရာ အထွက်နှုန်း ၈၂ ဒသမတင်း၆၀နှုန်း ထွက်ကြောင်း သိရသည်။**(အပေါ်ပုံ)**

ငပုတောမြို့နယ်သည် ပင်လယ်ပိုင်း ရေငန်ဒေသ ဖြစ်သော်လည်း ၂၀၀၄-၂၀၀၅ ခုနှစ် စိုက်ပျိုးရာသီတွင် နွေစပါး ၄၃၈ဧကနှင့် ဆောင်းသီးနှံ ၁၉၅၉၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ဆုရသူများ ဆုချီးမြှင့်

အုတ်တွင်း ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဟင်းငုတ်ပင်အခြေစိုက်စခန်း ဝန်ထမ်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ရက် ညနေ၅နာရီက ဟင်းငုတ်ပင် အားကစားကွင်းတွင် ကျင်းပရာ အခြေစိုက်စခန်းမှ ဝန်ထမ်းအဖွဲ့ ခုနစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ **(အောက်ပုံ)**

ဆုချီးမြှင့်

ပြိုင်ပွဲတွင် ပထမဆု ဓာတ်အားခွဲရုံအဖွဲ့၊ ဒုတိယဆု လက်ထောက်ညွှန်ကြားရေးမှူးရုံးအဖွဲ့နှင့် တတိယဆု မဟာဓာတ်အားလိုင်း(တောင်ပိုင်း)တို့အား ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃)တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးမော်သာထွေး၊ လက်ထောက်ညွှန်ကြားရေးမှူး(ခပေါင်း)ဦးအောင်ဇော်မင်း၊ ဓာတ်အားခွဲရုံမှူးဦးထွန်းချစ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(၃၁၆)**

မြန်မာ့အသံ

၁၁-၃-၂၀၀၅

(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဆန်စက်နှင့် လယ်ယာသုံးပစ္စည်း ထုတ်လုပ်မှု)

၁၁း၃၅ သုတရေးရာဖြေကြားလွှာ

၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ပဒဲကောပင်)

၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (တရားသောအချစ်ရဲ့စစ်မျက်နှာ)

ညနေပိုင်း

၁၆း၁၀ ဟောပြောချက်(မွန်မြတ်ပါသည် တပ်မတော်ဂုဏ်ရည်)

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)နိုင်ငံတော်ကိုကာကွယ်မည် (ခေါင်းကြီး)
(၂)အာဇာနည်မောင့်အတွက် စကားလက်ဆောင် (ဆောင်းပါးသရုပ်ဖော်)

၁၇း၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၈း၁၅ ကျေးလက်ဇာတ်လမ်း (နေရာတိုင်းမှာ)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (နားနေခြင်း၏အကျိုးကျေးဇူး-မောင်ဆုရှင်)

မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် မတ် ၉

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ရေပေါ်သောင်ရွာတွင် မတ် ၁၂ရက်မှ ၂၂ရက်အထိ တရားစခန်း၊ ဖျာပုံမြို့နယ် ကျုံကဒွန်းရွာ ပုသိမ်ကျောင်း မိုးကုတ်ဓမ္မရိပ်သာတွင် မတ် ၂၉ရက်မှ ဧပြီ ၄ရက်အထိ တရားစခန်းနှင့် ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၃၁၈)၌ ဧပြီ ၆ရက်မှ ၁၆ရက်အထိ တရားစခန်းပွဲများတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးစီးပဓာနနာယက ဆရာတော် ရွှေမန်းဦးသူရိယ (ကမ္မဋ္ဌာနာစရိယ၊ အစိုးရဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ) အရှင်သူမြတ်က သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မအူပင်ခရိုင် ဥက္ကဋ္ဌဖလားလေးမြို့နယ် အပြည်ပြည်ဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၂ရက်က မအူပင်မြို့ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပရာ ပထမတံခွန်စိုက်ဆုဖလားရ ဓနုဖြူမြို့နယ် လက်ဝှေ့အသင်းအား မအူပင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်က ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (၄၂၁)

ပန်းတနော်မြို့နယ်တွင် မီးသတ်တပ်ဖွဲ့ရုံးဖွင့် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ပန်းတနော် မတ် ၁

ပန်းတနော်မြို့နယ် ကဇင်ငူကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့ရုံး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၈နာရီက အဆိုပါရုံးတွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းရီက မီးသတ်တပ်ဖွဲ့အကြောင်း သိကောင်းစရာများနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ရှင်းလင်းပြောကြားသည်။

သရုပ်ပြလေ့ကျင့်

ဆက်လက်၍ မြို့နယ်မီးသတ်တပ်ရင်းမှူးဦးမင်းညွန့်နှင့် အဖွဲ့က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြ လေ့ကျင့်ကြပြီးနောက် ကဇင်ငူကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုးဟန်က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **(၃၂၇)**

ရှင်းလင်းတင်ပြ

ဇန်နဝါရီ ၂၁ရက်က မြဝတီမြို့ မဲ့ပလဲ့ကျေးရွာ ရေပေးရေးလုပ်ငန်းမှ အုတ်ရေကန်ဆောက်လုပ်ပြီးစီးမှုနှင့် အင်ဂျင်စက်တပ်ဆင်မောင်းနှင်၍ ရေထွက်ရှိမှုတို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှိုင်တိုး ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ညောင်ဦးမြို့နယ် ဖွားစောကျေးရွာအုပ်စု သူဌေးကန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ် ဦးစီးအရာရှိ ဦးကိုကိုစိုးက ဖွားစောကျေးရွာ အုပ်စုဥက္ကဋ္ဌထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော သဲကုန်းကျေးရွာ အများပြည်သူသုံး သောက်သုံးရေကန် တူးဖော်ခြင်းအား ဖေဖော်ဝါရီ ၁၅ရက်က အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအေးမင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၂၆၀)

စမ်းချောင်းလမ်းတရားစခန်း

ရန်ကုန် မတ် ၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာ အလုပ်ပေးတရားတော်မြတ်ကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက မတ် ၁၅ရက်မှ ၂၄ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယထွာတွင် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**



ပြည်သူများကျန်းမာရေး ညီညွှတ်စေရန်စစ်ဆေး

ပန်ဆောင် ဖေဖော်ဝါရီ ၂၈

ပန်ဆောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဒေသခံပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရေး အတွက် ဖေဖော်ဝါရီ ၂ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဖြင့်တစ်အိမ်တက်ဆင်းယင်လုံအိမ်သာ သုံးစွဲရေး လိုက်လံစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းထွန်းဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

Best Image Quality (BIQ) Printer Specialist
Toner Refill (HP Laser Jet)
5L/6L/ 1100/1000/1010/1200/1300/1320 = 4500
Canon LPB 465/660/800/810/1120/1210 = 4500
Epson/Canon(Oringinal)
C43/C45/C65/R310/R210 -(4000-to -6500)
S100/S200/ IP 1000/1500 -(2500-to -3500)
HP/Canon/Epson Printer
☎ ၂၀၀၆၄၀

BRIGHTER

ရောင်းမည်

၁။ ပြည်ရိပ်မွန်အိမ်ရာ ပေ၂၀x၃၆ပေ၊ ထောင့်ခန်း၊ အိပ်ခန်း ၂ခန်းပါ၊ ရေချိုးခန်း၊ အိမ်သာပါ(ကြွေပြားကပ်ပြီး)၊ PABX ဖုန်းပါ။

ငှားမည်

၂။ ရွှေဘုံသာလမ်း ၂၅ပေ x ပေ၆၀ အိပ်ခန်း ၃ခန်းပါ၊ ရေချိုးခန်း ၂ခန်း၊ အိမ်သာ ၂ခန်း(ဗိုလ်ထိုင်၊ အရှေ့တိုင်း)မီတာ ၂လုံး(ပါဝါ၊ရိုးရိုး)၊ ဖုန်း ၂လုံးပါ။

ဆက်သွယ်ရန်၊ ဖုန်း– ၂၅၀၃၂၆၊ ၃၇၆၀၄၅၊ ၃၈၀၈၁၈ (လိုင်းခွဲ– ၃၀၀၊ ၃၀၂)။

ဆီးပူညောင်းကျကာလသားရောဂါ

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားများခေါ်ယူခြင်း

၁။ ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်မှ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သား (General Worker)များ လိုအပ်ပါသဖြင့် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–
(က) အသက် ၁၉နှစ်မှ ၃၅နှစ်အတွင်း ရှိရမည်။
(ခ) အခြေခံပညာအလယ်တန်း (၈)တန်းအောင်ရမည်။
(ဂ) အင်္ဂလိပ်စကားအသင့်အတင့်ပြောဆိုနိုင်ရမည်။
(ဃ) ကျန်းမာရေးကောင်းပြီး ပြစ်မှုကင်းရှင်းရမည်။
(င) အကျင့်စာရိတ္တကောင်းမွန်ရမည်။

၂။ လုပ်သားအနေဖြင့် အောက်ပါအတိုင်းခံစားခွင့်ရှိမည်–
(က) တစ်နေ့အလုပ်ချိန် (၈း၀၀)နာရီဖြစ်ပြီး RM-၂၁မှRM-၂၅အထိ ရနိုင်သည်။
(ခ) တစ်လလျှင် အနိမ့်ဆုံး ၇၀၀ရင်းဂစ်ရရှိနိုင်သည်။
(ဂ) လစဉ်အချိန်ပိုအလုပ်ဆင်းခွင့်ရှိပြီး သာမန်နှုန်း၏ ၁ ၁/၂ ဆ ရရှိမည်။
(ဃ) နယ်မှလာရောက်လျှောက်ထားသော လုပ်သားများအတွက် အလုပ်လျှောက်ထားစဉ် အခမဲ့တည်းခိုနိုင်ရေးစီစဉ်ပေးမည်။

၃။ ဝန်ဆောင်ခမှာ ၆ ၁/၂ သိန်းဖြစ်ပါသည်။ အသေးစိတ်သိလိုက–

ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်

အမှတ်(၁၁၁) အောက်မင်္ဂလာဒုံလမ်းမကြီး အောင်ဆန်း၊ အင်းစိန်မြို့။ ဖုန်း–၆၄၂၄၇၃၊ Fax–၆၄၂၉၀၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း အရောင်းတင်ဒါ–၁/၂၀၀၄–၂၀၀၅

မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းမှ ထုတ်လုပ်သော အောက်ပါဂုန်နီအိတ်များကို ချိပ်ပိတ် တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်–

ရောင်းချမည့်ပစ္စည်း	–	ဂုန်နီအိတ်၊ တစ်တင်းခွဲအိတ် ၃၃" x ၂၃" အိတ်များ
ရောင်းချမည့်နေရာ	–	အုတ်ကျင်း ဂုန်နီစက်ရုံ/ မြောင်းမြဂုန်နီစက်ရုံ
တင်ဒါပိတ်ရက်	–	၂၁–၃–၂၀၀၅ (တနင်္လာနေ့)
တင်ဒါပိတ်ချိန်	–	၁၆း၃၀ နာရီ

အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ရန်ကုန်မြို့ သီရိမင်္ဂလာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝင်းအတွင်း မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းရုံးချုပ် (ဖြန့်ဖြူး/နိုင်ငံခြားတင်ပို့)ဌာနတွင် ရုံးချိန်အတွင်း စုံစမ်း၍ တင်ဒါပုံစံနှင့် စည်းကမ်းချက် တစ်စုံလျှင် ကျပ် ၅၀၀ ဖြင့် ၁၁–၃–၂၀၀၅ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

တင်ဒါထုခွဲရောင်းချရေးအဖွဲ့။

သုံးဆယ်မြို့နယ်အသင်း
သခင်ချစ်မောင် (ဝိဇ္ဇူရ)
အသင်းနာယက
အသက်(၉၀)

သာယာဝတီမြို့၊ဦးရွှေနစ်ကျေးရွာနေ (ဦးသာဂေါင်–ဒေါ်လှဖြူ)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ် ၃၄၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်နေ (ဒေါ်ရင်နု)၊ ဒေါ်ခင်မျိုးရီတို့၏ခင်ပွန်း အသင်းနာယကသည် ၃–၃–၂၀၀၅ရက် မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍၅–၃–၂၀၀၅ရက် ညနေတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား သိစေအပ်ပါသည်။ **အမှုဆောင်အဖွဲ့။**

သုံးဆယ်မြို့နယ်အသင်း
ဒေါ်သန်းသန်း
(ရာသက်ပန်အသင်းဝင်)
အသက်(၆၆)နှစ်

သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ မင်္ဂလာလမ်းနေ (ဦးခီးယား–ဒေါ်ဆုံ) တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊အမှတ် ၁၃/ဂ နေ ဦးမြင့်ကျော်၏ဇနီးသည် ၉–၂–၂၀၀၅ရက် နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့နံနက် ၁၁း၃၀ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ သိစေအပ်ပါသည်။ **အမှုဆောင်အဖွဲ့။**

ဒေါ်လှလှ (သုဝဏ္ဏ)
(မီးရထား၊ ငြိမ်း)
အသက်(၆၅)နှစ်

ဦးမြင့်သန်း(ကြယ်ငါးပွင့်၊ ငြိမ်း)၏ ဇနီး၊ ဦးမျိုးမင်း၊ ဦးဇော်မင်း–ဒေါ်သင်းသင်းဆွေ၊ ဦးရဲမင်း–ဒေါ်ခင်ကြည်စန်း (မနိုင်)တို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွား၊ ဒေါ်ခင်ခင် (ဘဏ်မန်နေဂျာ၊ ငြိမ်း) ဦးမောင်မောင်(လက်ထောက်ကျန်းမာရေးမှူး၊ငြိမ်း)၊ ဦးဝေလွင်တို့၏ ညီမသည် ၇–၃–၂၀၀၅ရက် နံနက်တွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

မခင်မေဦး (မောင်တော)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၁၉နေ (ဦးခင်မောင်–ဒေါ်သိန်းမေ)တို့၏သမီး၊ ရွှေဇံမောင်၏အစ်မသည် ၇–၃–၂၀၀၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

DOBERMAN (ဒိုဘာမင်)
(၂)လခွဲ–ခွေးပေါက်ကလေးများ ကာကွယ်ဆေးထိုးပြီး ရောင်းရန်ရှိသည်။
ဖုန်း–၅၇၇၂၀၁၊ ၀၉–၅၀၁၄၇၄၅။

ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သာမန်အသုံးစရိတ် ခွင့်ပြုချက်ဘောင်အတွင်း ဆက်လက်သုံးစွဲခွင့်ရှိသည့် လုပ်ပိုင်ခွင့်ပေးအပ်ထားသင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့် မသင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တင်ပြ

ရန်ကုန် မတ် ၉

၂၀၀၅ခုနှစ် မတ် ၇ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ **"ပြည်ထောင်စု အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"**နှင့် စပ်လျဉ်းပြီးချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၏ ဖတ်ကြားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်ရမည့် ပြည်ထောင်စု၏နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းရေးဆွဲခြင်းတို့နှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ စိစစ်လေ့လာချက်များကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရသည့် ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စု၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းကိုရေးဆွဲရန် တာဝန်ရှိကြောင်း၊ ဤသို့ရေးဆွဲနိုင်ရန် တစ်နှစ်ကာလအတွင်း နိုင်ငံတော်က ရရှိနိုင်မည့်ဝင်ငွေများ၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ နှစ်ရှည်၊ နှစ်တိုနှင့် နှစ်စဉ်စီမံကိန်းများ၊ အထူးစီမံကိန်းများအတွက် ကုန်ကျမည့်အသုံးစရိတ်များကို ခန့်မှန်းတွက်ချက်ရပါမည်။ ဤသို့တွက်ချက်သည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းလာမည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရများအား ဖြည့်ဆည်းငွေများမည်မျှခွဲဝေပေးနိုင်မည်။

စာမျက်နှာ ၆ ကော်လံ ၁ ✡

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ပြည်ထောင်စု အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်က ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များကို ပြည်ထောင်စုအစိုးရအနေဖြင့် အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုအခြေအနေကို ပြည်ထောင်စုလွှတ်တော်သို့ အသိပေးတင်ပြသင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့် မသင့် တရားသူကြီးဒေါက်တာတင်အောင်အေးတင်ပြ

ရန်ကုန် မတ် ၉

၂၀၀၅ ခုနှစ် မတ် ၇ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ **"ပြည်ထောင်စုအစိုးရ၏အုပ်ချုပ်မှုအခွင့်အာဏာ"**နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး၏ ဖတ်ကြားတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ပြည်ထောင်စုအစိုးရအား ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလိုဖွဲ့စည်းပိုင်ခွင့်၊ ယင်းအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးပိုင်ခွင့်၊ လိုအပ်သည့်ဝန်ထမ်းများကို ခန့်အပ်ပိုင်ခွင့်တို့နှင့် သက်ဆိုင်သည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အပ်နှင်းရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာချက်များကို ဆက်လက်တင်ပြသွားပါမည်။

ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာနှင့်စပ်လျဉ်း၍ ချမှတ်သင့်ကြောင်း တင်ပြထားသည့် အခြေခံရမည့်မူမှာ "ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင် ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်"ဟူ၍ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ကဏ္ဍကြီးများအဖြစ် ကာကွယ်ရေးနှင့်လုံခြုံရေး၊ နိုင်ငံခြားရေး၊ ဘဏ္ဍာရေးနှင့်စီမံကိန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ စီးပွားရေး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တော၊ စက်မှုလက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊

စာမျက်နှာ ၄ ကော်လံ ၁ ■

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ပြည်ထောင်စု အစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

"နိုင်ငံတော်အစိုးရက သတ္တုကဏ္ဍ ဘက်စုံတိုးတက်ထုတ်လုပ်နိုင်ရန် အထူးတွန်းအားပေးဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတွင် သံနှင့် သံမဏိ ထုတ်လုပ်မှုလည်း သိသာစွာ တိုးတက်မြင့်မားခဲ့"

ခေါင်းကြီး(စာ-၂)

"မိမိတို့အချင်းချင်း၏ ညီမူရာစုစည်းအားကို မတွေ့ဝေသောယုံကြည်မှုဖြင့် ညှိနှိုင်းတတ်သည့် အလေ့အထကို မွေးတတ်ဖို့လိုပါသည်။ သို့မှသာ ရေရှည်တွင် ပြည့်ဖြိုးလာမည့်အကျိုးထူးအတွက် ခိုင်မာသောနည်းလမ်း၊ မှန်ကန်သော လုပ်ထုံးလုပ်နည်းများကို ရွေးချယ်သတ်မှတ်နိုင်မည်ဖြစ်"

ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၏ ဆောင်းပါး(စာ-၁၀)